၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.823, July 17, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## မြန်မာ့ရှေးဟောင်း အမွေအနှစ် ကမ္ဘာ့အဆင့်မီ ထိန်းသိမ်းနိုင်ဖို့ ဒေါ်စုတိုက်တွန်း

**VOA ၊ ဂျူလိုင် ၁၁ ။ ။** မြန်မာနိုင်ငံက ရှေးဟောင်းယဉ်ကျေးမှုလက်ရာ အမွေအနှစ်တွေကို နိုင်ငံတကာစံနှုန်းနဲ့အညီ ထိန်းသိမ်း ပြုပြင်ဖို့နဲ့ကမ္ဘာ လှည့်ခရီးသွားတွေ မျက်စိကျတဲ့ ပုဂံက ရှေးဟောင်းလက်ရာတွေထိန်း သိမ်းရေးအတွက် ပုဂံမိတ်ဆွေများအဖွဲ့ Friends of Baganကို ဖွဲ့ စည်းဖို့ပါ ဒေါ်အောင်ဆန်းစုကြည်က ဒီနေ့ပြုလုပ်တဲ့ သူ့ရဲ့ခရီးစဉ်အ ကြောင်း ရှင်းလင်းပွဲမှာ အကြံပေးတိုက်တွန်းထားပါတယ်။ ဒ့ါအပြင် ပုပ္ပါးက အင်ကြင်းတောလို သစ်တောထိန်းသိမ်းရေး အောင်မြင်နေ ချိန်မှာ အနီးဝန်းကျင်က ဇီးအိုသစ်လှလိုနေရာမှာ ထန်းလျက် လုပ်ငန်း ကြောင့် သဘာဝပတ်ဝန်းကျင် ပြုန်းတီးနေတာတွေကိုလည်း စောင့် ရှောက်ဖို့လိုအပ်တယ်လို့ဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဆက်သွယ် မေးမြန်းထားတဲ့ ဘန်ကောက်ရောက် ဗွီအိုအေဝိုင်းတော်သူ ဒေါ်ခင်မျိုး သက်က တင်ပြပေးထားပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်ထဲမှာ သားဖြစ်သူအတွက် အချိန်ပေးတဲ့ အနေနဲ့ ပုဂံဘုရားဖူးထွက်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်က ခရီးစဉ် တလျှောက်မှာ လိုက်ပါ သတင်းယူဖို့အတွက် ကြိုးစားခဲ့တဲ့ ပြည်တွင်း ပြည်ပသတင်းဌာနတွေကို ပေးထားတဲ့ ကတိအတိုင်း ဒီကနေ့နေအိမ်မှာ ဖိတ်ကြားပြီး ပုဂံ၊ ပုပ္ပါးဒေသဆိုင်ရာ သူ့ရဲ့ အမြင်တွေကိုပြောကြားခဲ့ တာပါ။

ဒေါ်အောင်ဆန်းစုကြည်ဟာ ပုဂံမှာ ကျန်စစ်သားမင်းကြီး တည် ထားကိုးကွယ်တဲ့ အာနန္ဒာ၊ မြစေတီကျောက်စာ၊ မနူဟာနဲ့ သဗ္ဗညု ဘုရားတွေကို သွားရောက်ဖူးမြော်ခဲ့ပါတယ်။ အာနန္ဒာဘုရားကိုသွားရ တာဟာ ကျန်စစ်သားမင်းကြီးကို အားကျတာကြောင့်လို့ ဒေါ်အောင် ဆန်းစုကြည်က ပြောကြားကြောင်း NLD ပြောခွင့်ရ ဦးအုန်းကြိုင်က ပြောပါတယ်။

"ကျန်စစ်သားမင်းကြီးက ပြည်သူအပေါ်မှာ မေတ္တာကြီးမား တယ်၊ အနော်ရထာပေါ်မှာ သစ္စာရှိတယ်၊ တိုင်းရင်းသားစည်းလုံးညီ ညွတ်ရေးကို အမြော်အမြင်ကြီးစွာ ဦးစားပေး ဆောင်ရွက်တတ်တယ်။ အထူးခြားဆုံးကတော့ မြန်မာ့သမိုင်းမှာ ထီးနန်းအမွေဆက်ခံဖို့ကိစ္စကို တစုံတရာပြဿနာမဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ ဘုရင်တပါး ပဲတဲ့။ အမွေဆက်ခံတဲ့နေရာမှာပါ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး အမြင်နဲ့ သူက ဆောင်ရွက်ခဲ့တာတွေရှိတယ်တဲ့။

"မြစေတီကျောက်စာကတော့ တိုင်းရင်းသားလူမျိုးတွေကို ဂုဏ် ပြုတဲ့အနေနဲ့ ဘာသာပေါင်းစုံရေးထိုးထားတဲ့ အတွက်ကြောင့် ဒါဟာ လည်း ကာလတွေခြားနားမှုတွေကို မြင်တွေ့ရသလိုပဲ၊ အဲဒါကြောင့် သွားဖူးခဲ့တာတဲ့။ နောက် မနူဟာဘုရားကတော့၊ မနူဟာက စစ်ရှုံး ဘုရင် ပဲ၊ ဒါပေမဲ့ ထူးခြားတဲ့ အရည်အချင်း သူ့မှာရှိတယ်တဲ့။ ဘုန်းတန် ခိုးရှင်လို့ အနော်ရထာကတောင် ကြောက်လောက်အောင် ပြည်သူလူ ထုက လေးစားတဲ့အရည်အချင်းတွေရှိတဲ့ အကျင့်စရိုက်တွေရှိတဲ့သူ ဖြစ်တယ်ပေ့ါ။ ပြီးတော့ အကျဉ်းကျခံလူတွေရဲ့ဘဝကို စာနာမိလို့လည်း သွားဖူးတာ ဖြစ်တယ်တဲ့။"

သဗ္ဗညုဘုရားကို အရင်တခေါက်ရောက်ခဲ့တာမို့ အခုထိလည်း ပြုပြင်ထိန်းသိမ်းမှုနဲ့ပတ်သက်ပြီးအတော့်လိုအပ်နေတာတွေ့ရတယ် လို့ဆိုပါတယ်။ မြန်မာနိုင်ငံမှာရှေးဟောင်းလက်ရာ အမွေအနှစ်တွေ ထိန်းသိမ်းဖို့လိုအပ်နေပြီး အခုလို ထိန်းသိမ်းရာမှာလည်း နိုင်ငံတကာ အဆင့်အတန်းမီ ထိန်းသိမ်းကြဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်က

**စာမျက်နှာ ၃ သို့**


| | | | | | |
|---|---|---|---|---|---|
| **ကျောင်းသားတပ်မတော် ကချင်နယ်မြေတွင် ပြန်လည်ဖွဲ့ စည်းရန် ကြိုးပမ်း** | **မြန်မာသံရုံးအရာရှိ နောက်ထပ်တယောက် အမေရိကားမှာ ဒုက္ခသည်လျှောက်** | **ဒေါ်အောင်ဆန်းစုကြည် သားငယ်နဲ့ အတူ အာဇာ နည်ဗိမ္မာန်သွားရောက် ဂါရဝပြု** | **အဖွဲ့ ချုပ်မှာ ဒေါက်တာ ဦးမြင့် ဟောပြောမည့် အစီအစဉ် ဖျက်သိမ်း** | **ရှမ်းတပ်ကို ဦးသိန်းစိန် စစ်တပ်က တိုက်လေယာဉ် များနှင့် ပုံးကြဲတိုက်ခိုက်** | **မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းရာသီ အယ်လ်နီညို တကျော့ပြန်လာနိုင်** |
| **စာမျက်နှာ ၅** | **စာမျက်နှာ ၈** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၉** |

# ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေး အလေးအနက်ထားဖို့ ဒေါ်စုပြောဆို

**RFA ၊ ဂျူလိုင် ၁၁ ။** ။ ရန်ကုန် တက္ကသိုလ်ရိပ်သာလမ်း နေအိမ်ခြံဝင်း အတွင်း ဒီကနေ့ သတင်းစာရှင်းလင်းပွဲပြုလုပ်ရာမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောဆိုခဲ့တာပါ။

နေအိမ် အကျယ်ချုပ်က လွတ်မြောက်လာပြီးနောက် ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံး ပြည်တွင်း ဘုရားဖူးခရီးစဉ်အတွင်း ၂၀၁၁ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို ပုဂံဘုရား ဖူးမျှော်ခဲ့ပါတယ်၊

"တကယ်ဆိုရင် ရှေးဟောင်းနံရံပန်းချီဆိုတာ အဲဒီလိုဘဲ တကဲ့ ကျွမ်းကျင်သူတွေနဲ့ သေချာကြည့်ရတယ်။ ဘယ်လို ဆေးသုံးထားတယ် ဘာတယ်ဆိုတာ ကြည့်ပြီးတော့မှ အရင်အတိုင်း အနီးဆုံးဖြစ်အောင် လုပ်ရတယ်။ ကျွမ်းကျင်တဲ့သူတွေကို ဖိတ်ခေါ်ရတယ်။"

မြန်မာ့ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းဖို့ ပုဂံကို မြတ်နိုး တန်ဖိုးထားသူများ Friends of Bagan ပုဂံမိတ်ဆွေများ အဖွဲ့ ဖွဲ့စည်းသင့်တယ်လို့လည်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ တိုက်တွန်းခဲ့တယ်လို့ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောပါတယ်။

"အီတလီမှာ Friends of Venice ဆိုတာ ရှိပါတယ်တဲ့။ အဲဒီလိုဘဲ ပုဂံရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်တွေကို မြတ်နိုးတန်ဖိုးထားသူများဟာ ငွေအား၊ ပစ္စည်းအား၊ အကြံဉာဏ်အားတွေနဲ့စုပေါင်းပြီးတော့ ကြိုးပမ်းသင့်ပါတယ်တဲ့။ ဥပမာ-ပုဂံမှာဆိုရင် ယွန်းထည်လုပ်ငန်းမျိုးမှာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေလည်း မပျက်အောင် ခေတ်မှီ ဆန်းသစ်တဲ့ နည်းပညာတွေနဲ့ ထည့်ပြီးတော့ လူအများသုံးစွဲနိုင်အောင် သုံးစွဲချင်စိတ်ရှိလာအောင် ပြုလုပ်ဖို့ ဖြစ်ပါတယ်တဲ့။"

ဒေါ်အောင်ဆန်းစုကြည်က ပုပ္ပါးက စိမ်းစိမ်းစိုစိုမြင်ကွင်းနဲ့ သူရောက်ခဲ့တဲ့ အင်းကြင်းတောအကြောင်း၊ သူမျက်ဝါးထင်ထင် တွေ့ခဲ့ရတဲ့ ကျေးလက်ပြည်သူတွေရဲ့ နွမ်းပါးတဲ့ဘဝ၊ ရေရှားတဲ့အဖြစ် စတာတွေကိုလည်း ဒီကနေ့ ပြောဆိုခဲ့ပါတယ်။

ခရီးစဉ်တလျှောက် သတင်းယူရင်း ဆုံတွေ့ရပြီး တဦးနဲ့တဦးနားလည်မှုရှိရှိပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်တွေကို ကျေးဇူးတင်တဲ့အကြောင်း ပြောကြားတယ်လို့လည်း ဦးအုန်းကြိုင်က ပြောပါတယ်။

# ဦးသိန်းစိန်အစိုးရသစ်က ကချင်လူမျိုးတူချင်းရန်တိုက်စနစ်ဖြင့် ကချင်ကို တိုက်

**ကချင်သတင်းစဉ် ၊ ဂျူလိုင် ၁၁ ။** ။ မြန်မာအစိုးရသစ်ကယခုကချင်တိုင်းရင်းသားတွေနှင့် ဖြစ်သောပြည်တွင်းစစ်တွင် "လူမျိုးတူချင်းရန်တိုက်ပေးခြင်းစနစ်" ကို စနစ်တကျကျင့်သုံးနေကြောင်း ကချင်နိုင် ငံရေးလေ့လာသူများပြောပါသည်။

မြန်မာစစ်တပ်လက်အောက်ခံ ကချင်ပြည်သူ့စစ်များနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအားကချင်လွတ် မြောက်ရေးအဖွဲ့ (KIA)နှင့် ဖြစ်ပွားသည့်တိုက်ပွဲတွင် ရှေ့တန်းတင်အသုံးချနေခြင်းသည် ကချင်အမျိုးသားများကြား စည်းလုံးညီညွတ်မှု ပျက်ပြားအောင် ရန်တိုက်ပေးခြင်းဖြစ်သည်ဟု ကချင်ခေါင်းဆောင်များ ရှုမြင်ထားသည်။

ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အခြေစိုက် တန်ဂူးတန်(ခ) အဒန် (Tanggu Dang a.k.a Ah Dang) ဦးဆောင်သည့် သောင်းကျန်သူဆန့်ကျင်ရေးတပ်ဖွဲ့ (Rebellion Resistance Force, RRF) မှပြည်သူ့စစ် အင်အားအနည်းဆုံး ၆၀ ကို ဇွန်လကတည်းက တရုတ်နယ်စပ် KIA ခြေကုပ်စခန်းများအနီးသို့ပို့ဆောင်ထားသည်ဟု ပြည်သူ့စစ်တပ်နှင့် နီးစပ်သူများပြောသည်။

၎င်း RRF ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဇွန်လတွင် ပူတာအိုမှ မြစ်ကြီးနားသို့ အစိုးရပိုင် မြန်မာ့လေကြောင်းဖြင့် ၂ ကြိမ်သယ်ယူပို့ဆောင်ခဲ့သည်ဟု ပူတာအိုမှ မျက်မြင်သက်သေများပြောသည်။ မြန်မာအစိုးရ နေပြည်တော် ကာကွယ်ရေးဝန်ကြီးဌာန အမိန့်အရ KIA အား တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် RRF ပြည်သူ့စစ်များကို မြစ်ကြီးနားသို့ သယ်ပို့ခြင်းဖြစ်သည်ဟု ၎င်းနှင့်နီးစပ်သူများ ပြောသည်။

ရဝမ်အမျိုးသားများဖြင့်သီးသန့်ဖွဲ့စည်းထားသောသောင်းကျန်းသူဆန့်ကျင်ရေးတပ်ဖွဲ့ဝင်များကို ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးကာလတွင်လည်း ဆန္ဒပြသံဃာတော်များအား အင်အားသုံးဖြိုခွင်းရာတွင် အသုံးပြုခဲ့သည်။ ယင်းဆန္ဒပြမှုမတိုင်ခင် ပြည်သူ့စစ် ၂၀၀ ကျော်အား ပူတာအိုမှ နေပြည်တော်သို့ စစ်လေယာဉ်ဖြင့် ပို့ဆောင်ခဲ့သည်။

ဆက်လက်ပြီး KIA မှခွဲထွက်ခဲ့သည့် ကချင်ပြည်နယ်အရှေ့ပိုင်း ပန်ဝါအခြေစိုက် ယခုနယ်ခြားစောင့်တပ် ယခင် ကချင်ဒီမိုကရေစီသစ်တပ်မတော် (New Democratic Army-Kachin)၊ ရှမ်းပြည်မြောက်ပိုင်း ကောင်းခါးအခြေစိုက် ယခုပြည်သူ့စစ်တပ်ဖွဲ့ ယခင် ကချင်ကာကွယ်ရေးတပ်မတော် (Kachin Defence Army) နှင့် ဧရာဝတီမြစ်ဆုံအနီး လဝါယန်အခြေစိုက် ဗိုလ်မှူးကြီးလဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့များ အား KIA နှင့်ဖြစ်ပွားသည့်စစ်ပွဲများသို့ နေပြည်တော်အမိန့်ဖြင့် စေလွှတ်ထားသည်ဟု၎င်းတို့နှင့်နီးစပ်သူများ ပြောသည်။

မြန်မာစစ်တပ်လက်အောက်ခံ ယင်း ကချင်တပ်ဖွဲ့များမှ တစ်ဖွဲ့လျှင် အနည်းဆုံးစစ်သား ၆၀ စီအား ကချင်ပြည် နယ်အရှေ့ဘက် KIA ဌာနချုပ် လိုင်ဇာအနီး ရှေ့တန်းသို့ ဇွန်လအစောပိုင်းကတည်းက စေလွှတ်ထားကြောင်း ၎င်းတို့နှင့်နီးစပ်သူများပြောသည်။

စစ်ဗိုလ်ဟောင်းသမ္မတဦးသိန်းစိန်ဦးဆောင်သောမြန်မာအစိုးရသစ်၏ KIA အား ထိုးစစ်ဆင်ရာတွင် ယခုလို လူမျိုးတူ ကချင်တပ်များအားအသုံးပြုခြင်းသည် ကချင်အမျိုးသားများကြား စည်းလုံးညီညွတ်မှု ပျက်ပြားပြီး ရန်လိုတိုက်ခိုက်ကြရန် မီးမွှေးပေးခြင်းဖြစ်သည်ဟု ကချင်ခေါင်းဆောင်များခံယူထားသည်။

၁၇ နှစ် ကြာ မြန်မာအစိုးရနှင့် KIA ကြား အပစ်အခတ်ရပ်ဆိုင်းရေးသည် အစိုးရသစ်တက်လာပြီး ဇွန် ၉ ရက်နေ့ ကချင်ပြည်နယ် မန်မော် (ဗန်းမော်)ခရိုင်၊ အင်မောက်မြို့နယ်ရှိ KIA ဆန်ဂန်တပ်စခန်း အား အစိုးရဖက်မှ စတင်တိုက်ခိုက်ရာမှ ပျက်ပြယ်ခဲ့သည်။

ကိုယ်တိုင် နီပေါမှာ တွေ့ကြုံခဲ့ရတာနဲ့ယှဉ်ပြီး ပြောကြားခဲ့ပါတယ်။

"ရှေးဟောင်း အမွေအနှစ် အဆောက်အအုံတွေကို ထိန်းသိမ်းတယ်ဆိုတာဟာ အဆင့်အတန်းမီဖို့၊ အထူးသဖြင့် ကမ္ဘာ့အဆင့်အတန်းမီဖို့လိုတယ်။ အဆင့်အတန်း မမီတာမျိုးဖြစ်သွားရင် ဆုံးရှုံးမှုတန်ဖိုးက အလွန်ကြီးမားတယ်တဲ့။ နီပေါနိုင်ငံမှာ သူရောက်တုန်းက ဟာနမန် ဘုရားကျောင်းလိုဟာမျိုး၊ နန်းတော်လိုဟာမျိုးကြီးတခုကို ထိန်းသိမ်းတဲ့ လုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့ဖူးတယ်တဲ့။

"အဲဒီသက်ဆိုင်ရာရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးပညာရှင်တွေက ဟိုခေတ်ကလူတွေရဲ့ နည်းပညာတွေ၊ အုတ်ဖုတ်တာတို့ ဘာတို့က အစပေါ့ဗျာ၊ သစ်ဆည်းသုံးတာတို့ ဘာတို့ကအစ အဲဒါတွေ အချိန်ယူပြီးတော့ လေ့လာတယ်။ လူကြီးသူမတွေကို မေးတယ်။ သူတို့ ကိုယ်တိုင်အုတ်ဖုတ်တာ၊ သစ်စပ်တာကအစ ဘယ်လိုလုပ်ရမလဲ ဆိုတဲ့ နည်းနာတွေကို လေးငါးနှစ်လောက် အချိန်ယူ လေ့လာပြီးတော့မှ ရှေးဟန်မပျက် ပြင်ဆင်တဲ့လုပ်ငန်းတွေကို လေ့လာခဲ့ရဖူးတယ်။ အဲဒီလို ကမ္ဘာ့အဆင့်အတန်းမီမီဖြစ်အောင် လုပ်သင့်တယ်။ လုပ်စေချင်တယ်တဲ့။ အဲဒီလို မဟုတ်ဘဲနဲ့ အလွယ်တကူ ပြုပြင်တဲ့နည်းနဲ့လုပ်ပြီးတော့မှ ပြန်ပြီးတော့ ပြင်ဖို့ဆိုတာ အလွန့်အလွန်ခက်သွားပြီတဲ့။"

ကမ္ဘာလှည့်ခရီးသွားတွေ မျက်စိကျတဲ့ ပုဂံက ရှေးဟောင်းလက်ရာ အမွေအနှစ်အတွက် လာရောက်ကြည့်ရှုသူတွေကိုယ်တိုင် ဒီလက်ရာတွေကို ထိန်းသိမ်းရာမှာ ဝိုင်းဝန်းကူညီနိုင်ဖို့ ပုဂံမိတ်ဆွေများ အဖွဲ့ ဖွဲ့စည်းဖို့လည်း အကြံပေးခဲ့ပါတယ်။

"ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်လို့ NLD က မကြာသေးမီက သဘောထားတွေ ထုတ်ပြန်ပြီးပါပြီ။ ပြန်ပြီးတော့ Review လုပ်တာတွေထုတ်ပြီးပြီ။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ စည်းမျဉ်းစည်းကမ်းဘောင်ထဲကနေ လုပ်သင့်တယ်။ ဧည့်သည်တွေ လာရောက်လည်ပတ်တဲ့အတွက်ကြောင့် အဲဒီဒေသမှာ နေတဲ့လူတွေ တကယ်ထိထိရောက်ရောက်အကျိုးဖြစ်ထွန်းစေချင်တယ်။ အဲဒါကလည်းနှစ်ဘက် တယောက်နဲ့တယောက် နားလည်မှုရှိစွာ၊ အသိတရားရှိစွာနဲ့ပူးပေါင်းဆောင်ရွက်မှ နှစ်ဘက်စလုံး အကျိုးဖြစ်ထွန်းစေချင်တယ်။

"တချိန်တည်းမှာ အဲဒီ နှစ်ဦးနှစ်ဘက်တင်မက ထိန်းသိမ်းထားအပ်တဲ့ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံတွေအတွက်လည်း အဲဒီ ခရီးသွားလုပ်ငန်းကနေ အကျိုးဖြစ်ထွန်းနိုင်မှ ကောင်းလိမ့်မယ်တဲ့။ ကျမအမြင်ပြောရရင် ပုဂံကို မြတ်နိုး၊ တန်ဖိုးထားသူတွေ အသင်းတခု ရယ်လို့ Friends of Bagan လိုဟာမျိုးတောင် ဖွဲ့သင့်တယ် တဲ့။ အဲဒီမှာ ကမ္ဘာအရပ်ရပ်က ပုဂံယဉ်ကျေးမှုကို မြတ်နိုး တန်ဖိုးထားသူများဟာ လူအား၊ ငွေအား၊ ပစ္စည်းအား၊ အကြံဉာဏ် အားတွေနဲ့ စုပေါင်းကြိုးပမ်းသင့်တယ်တဲ့။ ဥပမာ အီတလီက Friends of Venice လို ဟာမျိုး ပေါ့တဲ့။"

ပုပ္ပါးတဝိုက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောထိန်းသိမ်းရေးကို အောင်အောင်မြင်မြင်လုပ်နေတာ တွေ့ရပေမဲ့ ပတ်ဝန်းကျင်ကျေးရွာတွေမှာ လောင်စာအတွက် စည်းကမ်းမဲ့ သစ်ခုတ်မှုတွေရဲ့ဒဏ်ကို ခံနေရတာတွေအပြင် စေတနာရှင်တွေရဲ့ အကူ အညီတွေကိုပါ လိုအပ်နေတဲ့ ကျေးရွာတွေကို တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။

"ပုပ္ပါးရောက်တော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားတာ တွေတွေ့တယ်။ ဥပမာ အင်ကြင်းတောတခုဆိုရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အားကောင်းတဲ့အတွက်ကြောင့် တကယ့်ကို နှစ်သက်ရှည်တဲ့ အင်ကြင်းပင်တွေ မြောက်မြားစွာ အဲဒီမှာ မပျက်မယွင်း တွေ့တယ်။ အဲဒါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးက အလွန်လိုအပ်တယ်တဲ့။

"အဲဒီမှာ အင်ကြင်းတောကို သွားရင်းက လမ်းခုလတ်မှာရှိတဲ့ ဇီးအိုသစ်လှဆိုတဲ့ ရွာကို ရောက်တယ်။ အဓိက စီးပွားရေးလုပ်ငန်းက ထန်းလျက်ချက်တာပဲ ဖြစ်နေတယ်။ ထန်းလျက်ချက်တဲ့ နေရာမှာ လောင်စာသုံးဖို့ဆိုပြီးတော့ အနီးအနား ပတ်ဝန်းကျင်မှာရှိတဲ့ အပင်ငယ်တွေကိုပါ အကုန်ခုတ်တဲ့အခါကျတော့ ပတ်ဝန်းကျင်တခုလုံးက၊ ထိန်းသိမ်းတော မခုတ်ရဘူးဆိုရင်လည်း ဘေးက အပြင်က သစ်ပင်ငယ်တွေပါ ခုတ်တဲ့အခါကျတော့ သစ်တောတွေ ပြုန်းကုန် ပြီးတော့ အဲဒီမှာ အကုန်ခြောက်သွေ့ကုန်တယ်။

"ဒီရွာမှာ ရေအခက်အခဲ ဖြစ်နေတယ်။ ကျန်းမာရေးအတွက်လည်း အားထားစရာ ဆေးခန်းရယ်လို့ တခုမှမရှိဘူး။ သွားဖွား ဆရာမ တယောက်ပဲရှိတယ်။ တပြည်လုံး အတိုင်းအတာနဲ့ ကြည့်ရင်တော့ ဇီးအိုလိုရွာတွေ အများကြီးရှိနေမှာပဲတဲ့။ ဒါပေမဲ့ စေတနာရှင်တွေက ဝိုင်းပြီးတော့ ဒါကို ဖြေရှင်းပေးရင်တော့ ဖြစ်နိုင်ပါ တယ်တဲ့။"

ဇီးအိုရွာအတွက် NLD က စက်ရေတွင်းတတွင်း တူးဖော်ပေးဖို့ စီစဉ်နေတယ်လို့လည်း ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဇူလိုင်လထဲမှာ နယ်ခရီးထွက်ဖို့အတွက် အရင်ကတည်းက ပြောဆိုခဲ့ပါတယ်။ ဒါပေမဲ့ ဇူလိုင်လ ၁၉ ရက် အာဇာနည်နေ့အခမ်းအနားကို NLD ရုံးချုပ်မှာ ကျင်းပဖို့ စီစဉ်ထားတာမို့ နောက်ပိုင်းမှပဲ ခရီးသွားဖို့ ရှိတယ်လို့ ဦးအုန်းကြိုင်က ပြောပါတယ်။

---

## ဒေါ်အောင်ဆန်းစုကြည် အစိုးရသစ်ကို တိုက်တွန်း

**RFA ၊ ဂျူလိုင် ၁၄ ။** ။ လက်ရှိ ဦးသိန်းစိန်အစိုးရအနေနဲ့ လုပ်သင့် လုပ်ထိုက်တဲ့ နိုင်ငံ့တာဝန်တွေကို အမြန်ဆောင်ရွက်ဖို့ လူထု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ တိုက်တွန်းလိုက် ပါ တယ်။

"ရက်ပေါင်း ၁၀၀ ကျော်လာပြီဖြစ်တဲ့ သမ္မတဦးသိန်းစိန် အစိုးရအနေနဲ့ ဘယ်လောက်အထိ အပြောင်းအလဲဖော်ဆောင်ဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုတာကို အခုထိ ခန့်မှန်းလို့မရသေးပါဘူး။ ရက်၁၀၀ ဆိုတာ သိပ်ကြာလှတဲ့ကာလမဟုတ်ပေမည့် တကယ်လုပ်ချင်ရင်တော့ သိသာအောင်လို့ လုပ်နိုင်တာတွေရှိပါတယ်။ လုပ်သင့်လုပ်ထိုက်တာတွေကို အမြန်ဆုံးလုပ်တာဟာ တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်မယ်လို့ ထင်ပါတယ်။ ဒီလိုလည်း လုပ်ကြဖို့ကို တိုက်တွန်းချင်ပါတယ်။"

သောကြာနေ့တိုင်း RFA က အပတ်စဉ်တင်ဆက်နေတဲ့ `လူထုနဲ့ ဒေါ်အောင်ဆန်းစုကြည်` အစီအစဉ်အတွက် သောတရှင်တဦးကလက်ရှိအစိုးရရဲ့ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလို ဖြေကြားပြောဆိုခဲ့တာဖြစ်ပါတယ်။

# သမတသစ်ဦးသိန်းစိန်စစ်တပ်က ကလေးစစ်သားစုဆောင်းနေမှု ILO အထူးစိုးရိမ်

**VOA ၊ ဂျူလိုင် ၁၂ ။ ။** မြန်မာနိုင်ငံတွင်း အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုပပျောက်ရေး ဆောင်ရွက်မှုမှာ အရပ်ဘက် ဒေသအာဏာပိုင်တွေဘက်က ဒီအပေါ်မှာ သတိပြုအလေးထားလာကြပေမဲ့စစ်ဘက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ ဆောင်ရွက်မှု တိုးတက်လာတာမတွေ့တဲ့အတွက် အလွန်အမင်း စိုးရိမ်စရာဖြစ်တယ်လို့ ILO ရန်ကုန်ရုံးတာဝန်ရှိသူကပြောလိုက်ပါတယ်။ အထူးသဖြင့် အစိုးရထိပ်ပိုင်းရဲ့ကတိကဝတ်တွေ၊ ဥပဒေအကောင်အထည်ဖော်မှုတွေနဲ့ အောက်ခြေလက်တွေ့ပိုင်း ဆောင်ရွက်မှု ကွာဟမှုတွေ တွေ့ရတယ်လို့ လည်း ပြောပါတယ်။ အပြည့်အစုံကို ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

ILO အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ရန်ကုန်ရုံးအနေနဲ့ မြန်မာနိုင်ငံတွင်း အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုတွေပပျောက်ရေးကိစ္စကို အဓိကကိုင်တွယ်တဲ့ နေရာမှာ ကိုယ်တိုင်လိုက်လံစုံစမ်းတာထက် တိုင်ကြားချက်တွေအပေါ် အဓိကအခြေခံရတာဖြစ်ပါတယ်။ အသက်မပြည့်တဲ့ ကလေးစစ်သားစုဆောင်းမှုတွေကိုလည်း ဒီခေါင်းစဉ်အောက်မှာပဲ ထည့်ပြီး ကိုင်တွယ် ဖြေရှင်းပေးနေပါတယ်။

တိုင်ကြားချက်တွေကို အခြေခံကြည့်တဲ့အခါမှာ အရပ်ဘက်မှာ အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုတွေ လျော့ကျလာတာတွေ့ရပေမဲ့လို့ စစ်ဘက်မှာတော့ ကလေးစစ်သားစုဆောင်းမှု လျော့လာတဲ့ လက္ခဏာမတွေ့ရတာကြောင့် ဒီအခြေအနေကို စိုးရိမ်မိတယ်လို့ ILO ဆက်သွယ်ညှိနှိုင်းရေး အရာရှိ စတိဗ် မာရှယ် (Steve Marshall) ကဗွီအိုအေကို ပြောပါတယ်။

"မြန်မာပြည်အနှံ့က ကျနော်တို့နဲ့ ထိစပ်ထားတဲ့ကွန်ရက်တွေကတဆင့် အဖြစ်အပျက် တိုင်ကြားမှုတွေရခဲ့ပါတယ်။ ဒီကွန်ရက်တွေကရတဲ့ သတင်းတွေအရဆိုရင်တော့ အရပ်သားအာဏာပိုင်တွေကနေအတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုတွေ လျော့ကျသွားပါတယ်။ ဒါပေမဲ့လို့ စစ်ဘက် အာဏာပိုင်တွေအပိုင်းမှာ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုတွေ လျော့ပါးသွားတယ်ဆိုတဲ့ အရိပ်လက္ခဏာမတွေ့ရတာကြောင့် ဒါဟာ အင်မတန်တော့ စိုးရိမ်စရာဖြစ်နေပါတယ်။"

အစိုးရပိုင်းအနေနဲ့ကတော့ ဥပဒေတွေချမှတ်ပြီး ကလေးစစ်သား ပပျောက်ရေးအတွက် ကတိကဝတ်ပြုနေပေမဲ့လို့ အောက်ခြေပိုင်းမှာ ဖြစ်နေတာတွေနဲ့တော့ ကွာဟနေတယ်လို့ စတိဗ်မာရှယ်က ပြောပါတယ်။

"အသက် ၁၈ နှစ်အောက် ကလေးငယ်တွေကို စစ်သားအဖြစ်မစုဆောင်းရဘူးဆိုတဲ့ ဥပဒေအတိုင်း ဖြစ်စေရမယ်လို့ အစိုးရထိပ်ပိုင်းက ကတိကဝတ်ပြုနေပေမဲ့လို့ ကလေးစစ်သား စုဆောင်းမှုတွေဆက်ရှိနေတုန်းပဲဆိုတဲ့ တိုင်ကြားချက်တွေ ဆက်ရှိနေတာကြောင့် ကျနော်တို့ဘက်က အင်မတန်စိုးရိမ်စရာဖြစ်ရပါတယ်။ အစိုးရထိပ်ပိုင်းက ချထားတဲ့ ဥပဒေတွေနဲ့လက်တွေ့အောက်ခြေမှာ ဖြစ်နေတာတွေကကွာဟနေပါတယ်။ ဒါကြောင့် ဒီလို ကွာခြားမှုဖြစ်နေတဲ့အပေါ်မှာ အစိုးရပိုင်းရော စစ်ဘက်အာဏာပိုင်တွေနဲ့ပါ ပူးပေါင်းကိုင်တွယ်ဖြေရှင်းနိုင်ဖို့ကြိုးပမ်းနေပါတယ်။"

တဘက်မှာတော့ ILO အနေနဲ့ ကလေးစစ်သား ပပျောက်ရေးအပါအဝင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုတွေ ရပ်ဆိုင်းရေးအတွက် အစိုးရဌာနတွေ၊ စစ်အာဏာပိုင်တွေနဲ့ပူးပေါင်းပြီး ပညာပေးအစီအစဉ်တွေ ဆောင်ရွက်ဖို့ ကြိုးပမ်းနေတာ တွေ့ရပါတယ်။ အခုလတ်တလောမှာပဲ မြန်မာနိုင်ငံအလုပ်သမားဝန်ကြီးဌာနနဲ့ပူးတွဲပြီး ရှမ်းဘာသာစကားနဲ့ ပညာပေးလက်ကမ်းစာစောင် ထုတ်ဝေဖို့ သဘောတူ ထားပြီးဖြစ်တယ်လို့ သိရပါတယ်။

"အစိုးရအနေနဲ့ မူအားဖြင့် သဘောတူလိုက်ပြီလို့ ဆိုရမှာပါ။ ရှမ်းဘာသာစကားနဲ့ အရင်ဆုံးထုတ်ဝေဖို့ သဘောတူထားတာကြောင့် အခု ဘာသာပြန်နေပါပြီ။ ပြီးရင်တော့ အစိုးရဌာနတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေအပါအဝင်အဖွဲ့အစည်းအဆင့်ဆင့်ကတဆင့် ဒီလက်ကမ်းစာစောင်တွေ ဖြန့်ချိသွားပါမယ်။ ရှမ်းဘာသာစကားနဲ့ ထုတ်ဝေပြီးရင်တော့ အခြားတိုင်းရင်းသား ဘာသာစကားတွေနဲ့လည်း ထုတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဘာသာစကား ၆ မျိုးစလုံးတပြိုင်တည်း မထုတ်နိုင်ပေမဲ့လို့ တဖြည်းဖြည်းချင်းလုပ်သွားနိုင်မှာပါ။"

မြန်မာစကား နားမလည်တဲ့ တိုင်းရင်းသားတွေအတွက် သူတို့သက်ဆိုင်ရာ ဘာသာစကားတွေနဲ့ ပညာပေးလက်ကမ်းစာစောင်ထုတ်နိုင်ဖို့ ILO ဘက်က တောင်းဆိုခဲ့တာကြာပါပြီ။ မြန်မာဘာသာနဲ့တော့ မနှစ်ကစပြီး လက်ကမ်းစာစောင်တွေ ဖြန့်ဝေခဲ့ပါတယ်။ ဒီလို ပညာပေးလုပ်ငန်းတွေကြောင့် အာဏာပိုင်တွေထက် သာမန်လူထုအကြား ပိုမိုအသိကြွယ်လာပြီး မိမိရပိုင်ခွင့်အတွက် ကိုယ်တိုင် ကြိုးပမ်းမှုတွေရှိလာတယ်လို့ စတိဗ်မာရှယ်က ပြောပါတယ်။

"ပြီးခဲ့တဲ့နှစ် မေလ လက်ကမ်းစာစောင်တွေ ဖြန့်ချိပြီးတဲ့နောက် ၂၀၁၀ ခုနှစ်အတွင်း တိုင်ကြားမှုတွေရတဲ့ အရေအတွက်ဟာ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉၊ ၃ နှစ်စာရတဲ့ တိုင်ကြားစာတွေနဲ့ အရေအတွက် အတူတူဖြစ်နေတာ စိတ်ဝင်စားစရာတွေ့ရပါတယ်။ ဒါကြောင့် တိုင်ကြားစာရရှိမှုဟာ အတော်လေးကိုများပြားလာပါတယ်။ ဒါဟာ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုပမာဏ ပိုပြီးတိုးများလာတဲ့သဘော မဟုတ်ပါဘူး။ အများပြည်သူအကြားမှာတိုင်ကြားလို့ရတယ်ဆိုတဲ့ဥပဒေဆိုင်ရာအသိပညာ ပိုရလာတာကြောင့်ပါ။

"နောက်ပြီး လူတွေကြားမှာ သူတို့အခွင့်အရေး၊ ရပိုင်ခွင့်ကို ဥပဒေနဲ့အညီလုပ်ဆောင်လို့ ရတယ်ဆိုတာပိုပြီး ယုံကြည်မှုတွေရှိလာပါတယ်။ မြန်မာနိုင်ငံမှာ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုတွေရပ်တန့်အောင်၊ ILO အနေနဲ့ အစိုးရအာဏာပိုင်တွေနဲ့အတူ ဥပဒေအတိုင်းဖြစ်အောင် ဆောင်ရွက်နိုင်တယ်လို့ ယုံကြည်လာတာနဲ့ အမှုတိုင်ကြားမှုတွေ ပိုရလာတာ ဖြစ်ပါတယ်။"

ILO အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်နဲ့ မြန်မာအစိုးရရဲ့ သဘောတူညီချက်အရ နိုင်ငံတွင်း အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုတွေ ရှိလာရင် ILO ရန်ကုန်ရုံးကို လွတ်လွတ်လပ်လပ်တိုင်ကြား ခွင့်မြန်မာအာဏာပိုင်တွေဘက်က ခွင့်ပြုထားပါတယ်။ ဒါပေမဲ့ တိုင်ကြားသူ အချို့ ခြိမ်းခြောက်ခံရတာ၊ တိုင်ကြားနိုင်အောင် ကူညီပေးသူ အချို့ကို အာဏာပိုင်တွေက အညှိုးထားပြီး ဖမ်းဆီးတာမျိုးတွေလည်းရှိခဲ့တယ်လို့ အလုပ်သမားရေး လှုပ်ရှားသူတွေက ပြောပါတယ်။

# ကျောင်းသားတပ်မတော် ကချင်နယ်မြေတွင် ပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်း

**Mizzima ၊ ဂျူလိုင် ၁၁ ။** ။ အစိုးရတပ်များနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO တို့ တိုက်ပွဲသံများ ပြန်ကြားလာရချိန်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF ကလည်း ကချင်ပြည်နယ်တွင်း တပ်ပြန်ဖွဲ့ရန်ကြိုးပမ်းနေသည်။

ကချင်နှင့် အတူတွဲပြီးတိုက်မည့် အစီအစဉ်အရ တပ်ပြန်ဖွဲ့မှုတွင် မြန်မာ-တရုတ် နယ်စပ်တွင် နေထိုင်နေသော ABSDF အဖွဲ့ဝင်ဟောင်းများကို အဓိကထားကာ ဖွဲ့စည်းမှာဖြစ်သည်ဟု ကျောင်းသားတပ်သတင်းရပ်ကွက်များအရ သိရသည်။

"တိုက်ပွဲတွေ ပြန်ဝင်နိုင်ဖို့အတွက် ရဲဘော်တွေကို ပြန်စည်းရုံးတယ်။တရားဝင်သဘောတူညီချက်ရနိုင်တဲ့အခြေအနေရှိအောင်တော့ ဝိုင်းလုပ်နေကြတယ်" ဟု အဆိုပါသတင်းရပ်ကွက်က မဇ္ဈိမကိုပြောသည်။ ယခင်က KIO ထိန်းချုပ်ထားရာ နယ်မြေအတွင်းရှိ ABSDF မြောက်ပိုင်းဒေသ ကော်မတီအောက်တွင် တပ်ရင်း ၄ ရင်းထားရှိသော်လည်း ယခုတကြိမ်တွင် မည်သည့်ပုံစံဖြင့် ဖွဲ့မည်ကို အတိအကျ မဆုံးဖြတ်ရသေးကြောင်း သိရသည်။

လက်ရှိ အင်အားနှင့် ပတ်သက်၍ မသိရသော်လည်း ဖွဲ့စည်းပုံမှာ တပ်ရင်း ၈ ရင်းဟု ခွဲထားပြီး၊ ကရင်အမျိုးသား အစည်းအရုံး KNU ၏ တပ်ဖွဲ့ ကရင်အမျိုးသား လွတ်မြောက်ရေးတပ် KNLA နယ်မြေထဲတွင် တပ်ရင်း ၆ ရင်း၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP နယ်မြေတွင် တပ်ရင်း ၁ ရင်းနှင့် ချင်းအမျိုးသားတပ်ဦး CNF နှင့်တွဲ၍ ရခိုင်ပြည်နယ်ထဲတွင် တပ်ရင်းတရင်းဟူ၍ ရှိသည်။

၁၉၈၈ ခု ဒီမိုကရေစီအုံကြွမှု ဖြိုခွင်းခံရပြီးနောက် KIO နယ်မြေအတွင်း၌ ABSDF (မြောက်ပိုင်း) ဒေသကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၄ ခု KIO အပစ်ရပ်ပြီး နောက်တနှစ်ခန့်အကြာတွင် နယ်မြေအတွင်းမှ ထွက်ခွာခဲ့ရသည်။ ABSDF ရဲဘော်ဟောင်းများနှင့် KIO ကချင်အမျိုးသမီးရေးရာအဖွဲ့တို့က KIO ဌာနချုပ် လိုင်ဇာတွင် ပူးတွဲကျင်းပခဲ့သည့် ဇွန် ၁၉ ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်မြောက် မွေးနေ့ပွဲကို KIO ဗဟိုကော်မတီဝင်များ တက်ရောက်ခဲ့သည်။

ABSDF ကိုပြန်လည်စုစည်းမှုနှင့်ပတ်သက်၍ KIO ခေါင်းဆောင်များက အတည်ပြုပြောကြားခြင်း မပြုသော်လည်းကချင်ပြည်နယ်အတွင်းတိုက်ပွဲတွင် ပါဝင်မည်ဆိုပါက ကန့်ကွက်မည်မဟုတ်ဟုဆိုသည်။

"ကျနော်တို့ဘက်က သူတို့လုပ်လည်း ကန့်ကွက်ဖို့ဘာမှမရှိဘူး။ မဟာမိတ်တွေပဲလေ။ အရင်ကလည်း ABSDFမြောက်ပိုင်းက ဒီမှာပဲ စလုပ်ဖြစ်တာကိုး" ဟု KIO တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးလနန်က မဇ္ဈိမကို ပြောသည်။ ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း အခြားသော လက် နက်ကိုင်အဖွဲ့များလည်း ကချင်နယ်မြေအတွင်းပြန်လည်စုစည်းမှုများ ရှိနေသည်ဟု အကဲခတ်များက ပြောသည်။

"ရခိုင်တပ်ဖွဲ့တွေ ရှိနေတာတော့ မှန်တယ်။ ရာဂဏန်းအောက်လောက်ဗျ။ KIA က သူတို့ကို အစုလိုက်ပေါ့၊ ဟိုမှာနည်းနည်း ဒီမှာနည်းနည်းဖြန့်ထားတဲ့ သဘောရှိတယ်။ သင်တန်းပေးပြီး လက်နက်တပ်ဆင်ပြီး ထားထားတာ။ ရခိုင်တပ်ဖွဲ့ဆိုပြီး သီးသန့်ထားတာမဟုတ်ဘူး" ဟု ALP တွဲဘက်အတွင်းရေးမှူးခိုင်သုခက မဇ္ဈိမကို ပြော သည်။

"ALP နဲ့ အခုထိတော့ စကားပြောတာဆိုတာလောက်ကလွဲပြီး လိုရှိရင် တရားဝင်ပူးပေါင်းစစ်ဆင်ဖို့တော့ မရှိသေးဘူး" ဟု သူက ဆိုသည်။ KIO အပစ်မရပ်မီအထိ ALP ၏ ဆက်သွယ်ရေးရုံးကို KIA နယ်မြေတွင် ဖွင့်ခဲ့ဖူးသည်။ အပစ်ခတ်ရပ်စဲမှု ရမလိုလိုနှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး၊ တနင်္ဂနွေနေ့နှင့် တနင်္လာမနက်ပိုင်းကလည်း တာပိန်ရေအားလျှပ်စစ်စီမံကိန်း လုံခြုံရေးယူထားသော အစိုးရစစ်တပ်က လက်နက်ကြီးဖြင့် KIO စခန်းများကို ပစ်ခတ်မှုများရှိနေခဲ့ကြောင်းနှင့် KIO မှ ဦးလနန်က ပြောသည်။

KIO ဘက်က အပစ်ခတ်ရပ်စဲရေးဆွေးနွေးပွဲကို ဗဟိုအစိုးရနှင့် လုပ်လိုသော်လည်း နေပြည်တော်ကတော့ ပြည်နယ်အစိုးရဖြင့်သာ လက် လွှဲထားလိုသည်။ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငံဆိုင်းဖွဲ့စည်းထားသော ကြားအဖွဲ့မှတဆင့်သာ အပစ်ရပ်ဖို့ ကမ်းလှမ်းထားသည်။

---

# ဂျပန်လွှတ်တော်အတွင်း မြန်မာ့အရေး တင်ပြဆွေးနွေး

**RFA ၊ ဂျူလိုင် ၁၂ ။** ။ ဂျပန်အစိုးရက မြန်မာနိုင်ငံကို ODA လို့ခေါ်တဲ့ နိုင်ငံရပ်ခြား စီးပွါးရေးအကူအညီတွေပြန်ပေးဖို့ စဉ်းစားနေတယ်ဆိုတဲ့ အချက်ကို ပြန်လည်သုံးသပ်သင့်ကြောင်း ဂျပန်ရောက် မြန်မာ့အရေး လှုပ်ရှားသူတွေက တိုက်တွန်းလိုက်ပါတယ်။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီကိုဦးတည်နေတဲ့ အစိုးရသစ်တရပ် ပေါ်လာတာကြောင့် ဂျပန်အစိုးရက မြန်မာနိုင်ငံကို ODA လို့ခေါ်တဲ့ နိုင်ငံရပ်ခြား စီးပွါးရေးအကူအညီတွေ ပြန်ပေးဖို့စဉ်းစားနေတယ်ဆိုတဲ့ အချက်ကို ပြန်လည်သုံးသပ်ဖို့ ဂျပန်လွှတ်တော်အတွင်း ဒီကနေ့မြန်မာ့ အရေးဆွေးနွေးပွဲ ကျင်းပခဲ့တာပါ။

တိုကျိုမြို့ ဂျပန်လွှတ်တော်အဆောက်အဦတွင်းကျင်းပတဲ့ အဲဒီ ဆွေးနွေးပွဲကို NDB မြန်မာ့ဒီမိုကရေစီကွန်ယက်၊ KWAJ ကချင်အမျိုးသမီးအစည်းအရုံး (ဂျပန်) နဲ့ Burma-Info NGO အဖွဲ့ဝင်တွေ တက်ရောက်ပြီး ဂျပန်နိုင်ငံဘက်က GIREN ဂီရင်ခေါ် မြန်မာ့အရေးထောက်ခံသော ဂျပန်အမတ်များသမဂ္ဂအဖွဲ့ဝင် ဂျပန်လွှတ်တော်အမတ်တွေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတာဝန်ရှိသူတွေ ၂၀ ကျော်တက်ရောက်ပါ။

အစိုးရရဲ့အထက်မှာ စစ်ကောင်စီဆိုတာရှိနေတဲ့အတွက်မြန်မာနိုင်ငံဟာ အများမျှော်လင့်သလို ဒီမိုကရေစီနိုင်ငံအဖြစ်ကို မ ရောက်နိုင်သေးကြောင်း၊အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကိုမသွားနိုင်ပဲ ဆန့်ကျင်သူမှန်သမျှကို ဖိနှိပ်ချေမှုန်းမယ်ဆိုတဲ့ အယူအဆနဲ့ သွားနေတဲ့အတွက် တိုင်းရင်းသားများနဲ့ ပြည်တွင်းစစ် ဖြစ်ပွါးနေကြောင်း ဒီစစ်အတွင်းမှာ မြောက်ကိုရီးယားနဲ့တရုတ်နိုင်ငံတို့က ရရှိတဲ့ လက်နက်တွေအပြင် ဓါတုလက်နက်တွေကို အသုံးပြုနေတယ်ဆိုတဲ့ အထောက်အထားများကို ရှင်းလင်းတင်ပြခဲ့ကြောင်း တိုကျို မြန်မာ့ရေးရာရုံးတာဝန်ခံ ဒေါက်တာမင်းညိုက ပြောပြပါတယ်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကတော့ ကချင်စစ်ပွဲဒေသနဲ့ပတ်သက်ပြီး သူတို့အနေနဲ့ သတင်းအချက်အလက် အပြည့်အစုံမရသေးကြောင်း စစ်ပြေးဒုက္ခသည်တွေကို ကုလသမဂ္ဂအဖွဲ့တွေကတဆင့်ကူညီဖို့ စဉ်းစားသွားမယ်လို့ ပြန်လည်ပြောဆိုတယ်လို့ သိရပါတယ်။

# တားမြစ်တဲ့ကြားက ရောဝတီ မြစ်ဆုံရေကာတာ ဆက်ဆောက်ဖို့ပြင်

**RFA | ဂျူလိုင် ၁၄ ။ ။** ရောဝတီမြစ်ဆုံရေကာတာစီမံကိန်းကို အကောင်အထည်မဖော်ဖို့ ပညာရှင်တွေတားမြစ်တဲ့ကြားက တရုတ်အစိုးရပိုင်ကုမ္ပဏီနဲ့ မြန်မာအစိုးရနဲ့နီးစပ်တဲ့ အေရှားဝေါလ် ကုမ္ပဏီတို့က ရှေ့ဆက်ဆောင်ရွက်နေတယ်လို့ Burma Rivers Network မြန်မာမြစ်များကွန်ယက်အဖွဲ့က ဒီနေ့ ပြောကြားလိုက်ပါတယ်။

စာမျက်နှာ ၉၄၀ ကျော်ပါ Environmental impact assess ment ပတ်ဝန်းကျင်ထိခိုက်မှု သုံးသပ်ချက်မှာ ရောဝတီမြစ်ဆုံမှာ ဒီလိုရေမရေကာတာကြီးဆောက်လုပ်ဖို့ မလိုအပ်ဘူးလို့ ဖော်ပြထားပါတယ်။ Environmental impact assessment EIA ဆိုတဲ့ မဲခေါင်မြစ်ဝှမ်းဒေသမှာ ဆည်တွေမဆောက်လုပ်ခင် ကြိုတင်တိုင်းတာဆန်းစစ်ချက်မှာ ရေကာတာတည်ဆောက်မှာကို ကန့်ကွက် တားမြစ်ထားပေမဲ့ ဆောက်လုပ်နေတယ်လို့ Burma Rivers Network အဖွဲ့က မအာနန်ကပြောပါတယ်။

“၂၀၀၉ ခုနှစ်ကထဲကထုတ်ထားတဲ့ လေ့လာမှု EIA မှာ မြန်မာပြည်သူလူထုတွေကိုပြမယ်ဆိုပြီး ပညာရှင်တွေက ပြောထားတယ်။ ဒါပေမဲ့ တရုတ်နဲ့ဗမာအစိုးရတွေက ဖွက်ထားတယ်။ ဘယ်တုန်းကမှလည်း ပြည်သူလူထုဆီလည်း မရောက်ဘူး။”

ဒီလေ့လာချက်အတွက် ရေကာတာဆောက်လုပ်မည့် တရုတ်အစိုးရပိုင် CPI ကော်ပိုရေးရှင်းက ငွေကြေးအကုန်အကျခံပြီး မြန်မာနိုင်ငံက ဘန်ကာလို့ အတိုကောက်ခေါ်တဲ့ Biodiversity and Nature Conversation Association ဇီဝမျိုးစုံမျိုးကွဲနဲ့ သဘာဝထိန်းသိမ်းရေးအသင်းနဲ့ တရုတ်နိုင်ငံက CISPDR- Changjiang Instituite of surveying, planning, design and research – Changjiang စစ်တမ်း၊ စီမံကိန်း၊ ဒီဇိုင်းနဲ့သုတေသနအဖွဲ့တို့က ပညာရှင် ၈၀ ပါတဲ့အဖွဲ့က ၂၀၀၉ ခုနှစ် ဇန်နဝါရီကနေ မေလ အထိ ၅ လ ကြာကွင်းဆင်းစစ်ဆေးပြီး ရေကာတာမဆောက်လုပ်ဖို့ သတိပေးပြောကြားခဲ့တာပါ။

ဒီမတိုင်ခင်ကလည်း ဂျပန်နိုင်ငံက လေ့လာရေးအဖွဲ့တခု လာရောက်တိုင်းတာစစ်ဆေးဖူးပြီး မြစ်ဆုံမှာ ရေကာတာတည်ဆောက်ရင် သဘာဝပတ်ဝန်းကျင်လည်း ထိခိုက်၊ လူနေမှုဘဝတွေလည်း ပျက်ပြားမှာမို့ ရေကာတာလုပ်ဖို့ လက်လျှော့သွားဖူးပါတယ်။

# ဘုန်းတော်ကြီးဒလိုင်းလားမား မိန့်ကြား

**RFA | ဂျူလိုင် ၁၂ ။ ။** ဒီမိုကရေစီစနစ်ကို လိုလားတဲ့ အပြောင်းအလဲတွေကို မြောက်အာဖရိကနိုင်ငံတွေမှာတင်မကပဲ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများမှာ တွေ့ရကြောင်း တိဘက်ဘုန်းတော်ကြီး ဒလိုင်းလားမားက မနေ့က မိန့်ကြားလိုက်ပါတယ်။

၂ ပတ်ကြာ အမေရိကန်ပြည်ထောင်စုခရီးစဉ်အတွင်း ဇူလိုင်လ ၁၁ ရက်နေ့က RFA လွတ်လပ်တဲ့အာရှအသံ ဝါရှင်တန်ဒီစီရုံးချုပ်မှာ သီးသန့်ပြုလုပ်ခဲ့တဲ့ တွေ့ဆုံမေးမြန်းခန်းမှာ မြောက်အာဖရိကနဲ့ အာရပ်ကမ္ဘာမှာဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေနဲ့ ပတ်သက်လို့ တိဘက် ဘာသာရေးခေါင်းဆောင် နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ဒလိုင်းလားမားက အခုလို မိန့်ကြားလိုက်တာ ဖြစ်ပါတယ်။

နိုင်ငံတွေကို ပြည်သူတွေကပိုင်ဆိုင်ပြီး ပြည်သူကအုပ်ချုပ်တဲ့တိုင်းပြည်ဖြစ်ဖို့ဆိုရင် အကောင်းဆုံးအုပ်ချုပ်ရေးစနစ်က ဒီမိုကရေစီစနစ်သာဖြစ်ကြောင်း ဘုန်းတော်ကြီး ဒလိုင်းလားမားက မိန့်ကြားပါတယ်။ ဘုန်းတော်ကြီးဒလိုင်းလားမား RFA အသံလွှင့်ဌာနကို ကြွရောက်လာတာဟာ RFA ထူထောင်တဲ့ ၁၅ နှစ်ပြည့် အထိမ်းအမှတ်ကာလနဲ့လည်းတိုက်ဆိုင်နေပြီး သတင်းလွတ်လပ်မှုမရှိတဲ့ နိုင်ငံတွေမှာ အသံလွှင့်မီဒီယာတွေရဲ့အခန်းကဏ္ဍ အရေးပါမှုတွေကိုလည်း မိန့်ကြားခဲ့ပါတယ်။

ဒါ့အပြင် ဒီမိုကရေစီ လွတ်လပ်မှုနဲ့တရားမျှတမှု စံတန်ဖိုးတွေရဲ့ အရေးပါမှုတွေကို မိန့်ကြားခဲ့သလို ဒါတွေကို လိုက်နာထိန်းသိမ်းဖို့အတွက်ဆိုရင် ပညာပေးရေးဟာ အဓိက ကျတယ်လို့ မိန့်ကြားခဲ့ပါတယ်။

# မနှင်းမေအောင် ခေါ် မနိုဘယ်လ်အေး တိုက်ပိတ်ခံရ

**RFA | ဂျူလိုင် ၁၂ ။ ။** ဦးသိန်းစိန်အစိုးရက မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားမရှိဘူးလို့ ပြောဆိုတာကို မုံရွာထောင်ကနေ စာရေးသားကန့်ကွက်လိုက်တဲ့ နိုင်ငံရေးအကျဉ်းသူ မနှင်းမေအောင် ခေါ် မနိုဘယ်လ်အေးကို ထောင်ဝင်စာပိတ်လိုက်ပြီး ထောင်တွင်း တိုက်ပိတ်ပြစ်ဒဏ်ချထားတယ်လို့ သတင်းရရှိပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ မနိုဘယ်လ်အေးရဲ့မိခင် ဒေါ်အေးမြင့်သန်းက RFA ကို အခုလိုပြောပါတယ်။

“ဒီတခေါက် ထောင်ဝင်စာသွားတွေ့တဲ့အခါမှာ ထောင်ဝင်စာမတွေ့ရဘူးလို့ပြောတယ်။ ပြောတော့ သူ့အဖေက ထောင်ပိုင်ကြီးနဲ့ တွေ့ချင်တယ်လို့ပြောပြီးတော့ သူ့အဖေ ထောင်ပိုင်ကိုစောင့်နေတဲ့ အချိန်မှာ နိုဘယ်လ်အသံနဲ့ မေမေကြီးရေ မေမေကြီးရေဆိုပြီးတော့ နှစ်ခွန်းထအော်တဲ့အသံကို သူ့အဖေက ကြားလိုက်တယ်”

“အဲသလိုကြားလိုက်တဲ့အခါကျတော့ သူ့အဖေက ပိုပြီးတော့ စိတ်သောကဖြစ်သွားပြီးတော့ ထောင်ပိုင်ရယ် ထောက်လှမ်းရေး နှစ်ယောက်ရယ်နဲ့တွေ့တဲ့အခါမှာ သူ့အဖေကမေးတယ်။ နိုဘယ်လ် ဘာလို့ ထောင်ဝင်စာမတွေ့ရတာလဲ။ ပြီးတော့နိုဘယ်လ်ဘာလို့အော်တာလဲလို့ မေးတဲ့အခါကျတော့ ထောင်ပိုင်က အဲဒါကျနော်မကြားဘူးလို့ ပြောတယ်။ အပြင်ကလူတွေတောင် အကုန်ကြားနေတယ်။ တထောင်လုံးလည်းတိတ်ဆိတ်သွားတယ်။ ထောင်ပိုင်ကြီး မကြားဘူးဆိုတာ အဓိပ္ပါယ်မရှိဘူးလို့ ပြောတဲ့အခါကျတော့မှ အဲဒါဆို ထောင်ဝင်စာမ တွေ့ရလို့ အော်တာနေမှာပေါ့လို့ ထောင်ပိုင်ကပြောတယ်”

ပြီးခဲ့တဲ့ ဇွန်လ ၆ ရက်နေ့ မှာ မနိုဘယ်လ်အေးက ကန့် ကွက်စာပို့လိုက်တာလို့ဆိုပါတယ်။ ဒါကြောင့် အခု ဇူလိုင်လ ၇ ရက်နေ့က ဖခင်ဖြစ်သူ ထောင်ဝင်စာသွားတွေ့တဲ့အခါမှာ ထောင်အာဏာပိုင်နဲ့ ထောက်လှမ်းရေးတွေကတွေ့ခွင့်မပေးတော့တာပါ။ ဘာကြောင့်ထောင်ဝင်စာပိတ်လဲလို့ မနိုဘယ်အေးရဲ့ဖခင်က ထောင်ပိုင်ကိုမေးတဲ့ အခါမှာ ထောင်စည်းကမ်းဖောက်ဖျက်လို့ အထက် အာဏာပိုင်တွေရဲ့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်တာလို့ ပြန်လည် ပြောဆိုလိုက်တယ်လို့ ဆိုပါတယ်။

# နအဖအစိုးရ တိုင်းရင်းသားများအပေါ် စစ်ဆင်ရေး ဂျီနီဗာ ပြဌာန်းချက်ချိုးဖောက်

**VOA ၊ ဂျူလိုင် ၁၄ ။ ။** တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေနဲ့ လက်နက်ကိုင် ပဋိပက္ခတွေ ဖြစ်ပွားရာမှာ မြန်မာစစ်တပ်က အင်အားအပြင်းအထန်သုံး တိုက်ခိုက်နေတာဟာ နိုင်ငံတကာ ဥပဒေတွေနဲ့ မညီဘူးလို့ ဥပဒေပညာရှင်တွေက မြင်ကြပါတယ်။ အထူးသဖြင့်ကတော့ပြည်တွင်းစစ်ဖြစ်ပွားရာမှာ လေကြောင်းအင်အားအသုံးပြုမှုတွေ၊ အရပ်သားတွေ ထိခိုက်မှုတွေရှိနေတယ်ဆိုတဲ့ သတင်းတွေကြောင့် ဒါဟာ ဂျီနီဗာသဘောတူညီချက်ကို ချိုးဖောက်ရာ ရောက်နေပြီလို့ ပြောဆိုလိုက်ကြတာပါ။ အပြည့်အစုံကို ဆက်သွယ် စုံစမ်းထားတဲ့ ကိုအောင် လွင်ဦးကတင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားတဲ့ ဂျီနီဗာ သဘောတူညီချက်ကို အခုနောက်ဆုံး တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေအပေါ် စစ်တပ်က အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်မှုတွေက ချိုးဖောက်ရာ ရောက်နေပြီလို့နိုင်ငံတကာဥပဒေရေးရာကျွမ်းကျင်သူတွေကထောက်ပြလာကြတာပါ။

အထူးသဖြင့် မြန်မာစစ်တပ်က ရှမ်းပြည်တပ်မတော် (SSA) မြောက်ပိုင်းနဲ့ တိုက်ပွဲတွေအတွင်း တိုက်လေယာဉ်တွေနဲ့ ဗုံးကြဲတိုက်ခိုက်တာ၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ရဲ့ လက်နက်ကိုင် တပ်ဖွဲ့တွေနဲ့ ပဋိပက္ခတွေ အတွင်းမှာလည်း အရပ်သားတွေ ထိခိုက်မှုတွေ ရှိတဲ့အထိ ဖြစ်နေရတာတွေဟာ နိုင်ငံတကာ ဥပဒေတွေကို ချိုးဖောက်တာ ဖြစ်တယ်လို့ အမေရိကန် ပြည်ထောင်စု အင်ဒီယားနားတက္ကသိုလ်က နိုင်ငံတကာ ဥပဒေရေးရာ ကျွမ်းကျင်သူ ဒေါက်တာဆလိုင်းငွန်ကျူးလျန်က ပြောပါတယ်။

"ရှမ်းပြည်တပ်မတော် ဌာနချုပ်အနီးမှာ တိုက်လေယာဉ်တွေနဲ့ ဗုံးကြဲသွားတာ၊ နောက်ပြီးတော့ ကချင်ပြည်နယ်ထဲမှာ လက်နက်ကြီးတွေသုံးပြီးတော့ အရပ်သားရော မရှောင်၊ ပြီးတော့ ကချင်လွတ်လပ်ရေးတပ်မတော်ရဲ့စခန်းတွေကို လိုက်ပစ်နေတဲ့ ကိစ္စတွေက ဘာကို ပထမဦးဆုံး ညွှန်ပြသလဲဆိုတော့ ပြည်တွင်းစစ် မြန်မာပြည်မှာ အမှန်တကယ် ဖြစ်နေတာကို သက်သေပြတယ်။

"ဒုတိယအချက်က ပြည်ထောင်စု မြန်မာနိုင်ငံဟာ Geneva Convention ခေါ်တဲ့ နိုင်ငံတကာ စစ်နဲ့သက်ဆိုင်တဲ့ ဥပဒေကို ဩဂုတ်လ ၂၅ ရက်၊ ၁၉၉၂ ခုနှစ်မှာ လက်မှတ်ရေးထိုးထားတဲ့နိုင်ငံဖြစ်တဲ့အတွက် စစ်နဲ့ဆိုင်တဲ့ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေတွေနဲ့ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားခြင်း ဥပဒေတွေကို လိုက်နာဖို့လိုတယ်။ Geneva Convention ရဲ့ တကယ့် အနှစ်သာရက တိုင်းပြည်တခုနဲ့တခု အသီးသီးစစ်ကြေညာပြီး၊ ဒါမှမဟုတ် တိုင်းပြည် ၂ ခု ထက်ပိုတဲ့ဟာစစ်ကြေညာပြီးတော့ အချင်းချင်းပစ်ခတ်တဲ့ကိစ္စဖြစ်တယ်။

"ဒါပေမဲ့ ဒီ Geneva Convention က ဘာဖြစ်သွားလို့ မြန်မာပြည်လို ပြည်တွင်းစစ်မှာ အကြုံးသွားဝင်သလဲဆိုတော့ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ ဥပဒေတွေ ပါလာတဲ့အတွက်၊ အခု မြန်မာအစိုးရကလည်း လက်မှတ်ထိုးထားတဲ့ တိုင်းပြည် ဖြစ်တဲ့အတွက် အဲဒါ လိုက်နာစရာလိုတယ်။"

နိုင်ငံတကာက စစ်မက်ဆိုင်ရာ ပဋိပက္ခတွေအတွင်း မြေဇာပင်ဖြစ်နေရသူတွေကို အထူးသဖြင့် အကာအကွယ်ပေးဖို့ ဂျီနီဗာသဘောတူညီချက်က ပြဋ္ဌာန်းထားတာပါ။ ဒီလို ပြဋ္ဌာန်းချက်တွေကို သဘောတူလက်မှတ်ရေးထိုးထားပေမဲ့ လိုက်နာဖို့ ပျက်ကွက်တဲ့ လုပ်ရပ်တွေကို ကျူးလွန်ကြောင်း ထင်ရှားတယ်ဆိုရင် နိုင်ငံတကာ အသိုင်းအဝန်းမှာ အထောက်အထားနဲ့တကွ တိုင်တန်းနိုင်တဲ့ အခွင့်အရေးရှိတယ်လို့လည်း ဥပဒေရေးရာကျွမ်းကျင်သူ ဒေါက်တာ ဆလိုင်း ငွန်ကျူးလျန်က ပြောပါတယ်။

"ဥပမာ ကချင်လွတ်လပ်ရေးတပ်မတော်ရဲ့ ရဲဘော်တယောက်ကို သူတို့ ခေါ်ပြီးတော့ နှိပ်စက်ညှဥ်းပမ်းပြီး သတ်သွားတဲ့ ကိစ္စဟာ သူတို့က Geneva Convention ကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ရာကျတယ်။ ဒါမျိုးကိစ္စဖြစ်ရင် အခု KIA က တက်လာတဲ့အစိုးရသစ်ဟာ Geneva Convention ကို မလိုက်နာပါဘူးဆိုတဲ့ဟာသူတို့လုပ်နေတဲ့ကိစ္စရှိတယ်။ ဒီလိုပဲ ရှမ်းဖြစ်ဖြစ်၊ ကရင်ဖြစ်ဖြစ်၊ ကယားဖြစ်ဖြစ်၊ မွန်ဖြစ်ဖြစ်၊ ချင်းဖြစ်ဖြစ် ဒါမျိုး Geneva Convention ချိုးဖောက်တဲ့ ကိစ္စတွေကို နိုင်ငံတကာ အသိုင်းအဝန်းတွေက တဆင့် Geneva Convention လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေကို အကြောင်းကြားဖို့က လုပ်ဆောင်ရမယ့်ကိစ္စ ဖြစ်တယ်။

"Geneva Convention ကို ချိုးဖောက်ပြီးတော့ အရေးယူခံရတဲ့ တိုင်းပြည်ရယ်လို့ လက်ညှိုးထိုးစရာတော့ မရှိဘူး။ ဒါပေမဲ့ နိုင်ငံတကာ အသိုင်းအဝန်းမှာ မျက်နှာပျက်စရာဖြစ်တယ်။ နိုင်ငံတကာအသိုင်းအဝန်းမှာ ယဉ်ကျေးသိမ်မွေ့တဲ့ တိုင်းပြည်နဲ့မယဉ်ကျေး၊ မသိမ်မွေ့တဲ့ တိုင်းပြည်ဆိုပြီးတော့ သတ်မှတ်ခံရတဲ့ ဓလေ့ထုံးတမ်းရှိတယ်။ ဒါမျိုး Geneva Convention ကို မလိုက်နာတဲ့ လူတွေက မယဉ်ကျေး၊ မသိမ်မွေ့တဲ့ တိုင်းပြည်အဖြစ် အပြောခံရတယ်။ ဆိုတော့ ကိုယ့်တိုင်းပြည် နိုင်ငံတကာ အသိုင်းအဝန်းမှာ မျက်နှာပျက်စရာမျိုးကို မလုပ်ချင်တဲ့လူတိုင်းက ဒီ Geneva Convention ကို သူတို့က အတတ်နိုင်ဆုံးလိုက်နာကြတာ ဖြစ်ပါတယ်။"

မြန်မာစစ်တပ်နဲ့ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့တွေ ကြားတိုက်ပွဲတွေဟာ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ စစ်အစိုးရက ရွေးကောက်ပွဲတရပ် ကျင်းပပြီး ဒီနှစ်ဆန်းပိုင်း အစိုးရသစ် ဖွဲ့စည်းခဲ့တဲ့ နောက်ပိုင်းတကျော့ပြန် ကြီးထွားလာခဲ့တာပါ။ အထူးသဖြင့်ကတော့ အပစ်အခတ်ရပ်စဲရေး ရယူထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ အနေနဲ့ လက်နက်ချဖို့ ဒါမှမဟုတ်ရင်လည်း နယ်ခြားစောင့်တပ်ဖွဲ့လို အဆင့်နိမ့် ပြောင်းလဲဖွဲ့စည်းဖို့ မြန်မာအာဏာပိုင်တွေဘက်က ဖိအားပေးရာက လက်နက်ကိုင် ပဋိပက္ခတွေအပြင်းအထန် ပြန်လည်ပေါ်ပေါက်လာတာလည်း ဖြစ်ပါတယ်။

✡✡✡✡✡

# မြန်မာသံရုံးအရာရှိ နောက်ထပ်တယောက် အမေရိကားမှာ ဒုက္ခသည်လျှောက်

**VOA ၊ ဂျူလိုင် ၁၃ ။ ။** ဝါရှင်တန်ဒီစီ မြန်မာသံရုံး ပထမအတွင်းဝန် ဦးစိုးအောင်။ဝါရှင်တန်ဒီစီရှိ မြန်မာသံရုံးက နောက်ထပ် မြန်မာသံတမန်တဦးဟာ အမေရိကန်ပြည်ထောင်စုမှာ ဒီကနေ့ ဇူလိုင်လ ၁၃ ရက်နေ့မှာ နိုင်ငံရေးခိုလှုံဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လ ၄ ရက်နေ့က ဝါရှင်တန်ဒီစီ သံရုံးက သံမှူးကြီးဦးကျော်ဝင်း အမေရိကန်ပြည်ထောင်စုမှာ နိုင်ငံရေးခိုလှုံခဲ့တာနဲ့ ဆက်စပ်ပြီး မြန်မာသံရုံးပထမအတွင်းဝန်ဦးစိုးအောင်ကို ၂၄ နာရီအတွင်း နေပြည်တော်ကို ပြန်လာဖို့ ဆင့်ခေါ်ခဲ့တာကြောင့် ဦးစိုးအောင်က မပြန်ဖို့ဆုံးဖြတ်ပြီး နိုင်ငံရေးခိုလှုံမှု ရယူခဲ့တာလို့ သိရပါတယ်။ အပြည့်အစုံကို စုံစမ်းမေးမြန်းထားတဲ့ ကိုသား ညွန့်ဦးက တင်ပြပေးထားပါတယ်။

ဝါရှင်တန်ဒီစီ မြန်မာသံရုံးက ဒုတိယတာဝန်ခံ သံမှူးကြီးဦးကျော်ဝင်း အမေရိကန်ပြည်ထောင်စုမှာ ခိုလှုံခဲ့ပြီး တပတ်အကြာမှာပဲ နောက်ထပ် မြန်မာသံအရာရှိတဦး ထပ်ပြီး အမေရိကန်မှာ ခိုလှုံခွင့်တောင်းခံလိုက်တာပါ။ အခုလို ခိုလှုံခွင့်တောင်းတဲ့ကိစ္စ အမေရိကန်နိုင်ငံခြားရေးဌာနကို ဒီနေ့ ဇူလိုင်လ ၁၃ ရက်နေ့မှာပဲ အကြောင်း ကြားလိုက်တယ်လို့ မြန်မာသံရုံး ပထမအတွင်းဝန်ဦးစိုးအောင်က ဗွီအိုအေကိုပြောပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်တုန်းက သံမှူးကြီးဦးကျော်ဝင်း အမေရိကန် ပြည်ထောင်စုမှာ ခိုလှုံသွားတာနဲ့ ပတ်သက်လို့ စုံစမ်းဖို့အတွက်နေပြည်တော်ကို ပြန်လာဖို့ဆင့်ခေါ်လိုက်တာကြောင့် သူ အခုလို ဆုံးဖြတ်တာဖြစ်တယ်လို့ ဦးစိုးအောင်က ပြောပါတယ်။ မကြာခင်ကမှ အမေရိကန်က ပြန်သွားတဲ့ မြန်မာသံရုံး အမှုထမ်း ၂ ဦးလည်း နေပြည်တော်မှာ စစ်ဆေးခံနေရတယ်လို့ သိရပါတယ်။

ဦးစိုးအောင်ကိုတော့ ၂၄ နာရီအတွင်း စစ်တပ်က အရာရှိတဦးနဲ့ အတူ နေပြည်တော်ကို ပြန်ရမယ်ဆိုပြီး ဇူလိုင် ၁၂ ရက်နေ့က မြန်မာ နိုင်ငံခြားရေးဝန်ကြီးဌာနက အမိန့်ထုတ်ခဲ့တဲ့အပြင် သူ့ရဲ့ သံတမန် နိုင်ငံကူးလက်မှတ်တွေကိုလည်း သံရုံးက သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ အပြစ်ပေးတဲ့ ပုံစံမျိုး ဖြစ်တယ်လို့ ဦးစိုးအောင်ကယူဆပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့အပတ် အတွင်းက အမေရိကန်မှာ နိုင်ငံရေးခိုလှုံခွင့်ယူခဲ့တဲ့ မြန်မာသံရုံး ဒုတိယတာဝန်ခံဟောင်း ဦးကျော်ဝင်းကတော့ သူ့ကိစ္စကို စုံစမ်းဖို့ ပိုပြီးတာဝန်ရှိတဲ့ စစ်ဘက်ကလာတဲ့ အရာရှိတွေအစား အခုလို အရပ်ဘက်အရာရှိတွေကို ပစ်မှတ်ထားတဲ့ အပေါ် ဝေဖန်ပါတယ်။ မြန်မာအစိုးရဌာနအကြားမှာ အရပ်ဘက်နဲ့ စစ်ဘက်ကလာသူတွေ အပေါ်မှာ ခွဲခြားဆက်ဆံမှုတွေရှိနေတဲ့ကိစ္စမကျေနပ်မှုတွေ ပိုတိုးလာတယ်လို့ သူက ပြောပါတယ်။

"ကျနော် သိရသလောက် သူ့ကို ၂၄ နာရီအတွင်း ပြန်ခိုင်းတယ်ဆိုတာ ဒါအပြစ်ရှိတဲ့သူတွေကို ပြန်ခိုင်းတဲ့ဟာမျိုးလေ။ နောက်ပြီးတော့ ဘာကိုပုံပေါ်လဲဆိုတော့ ဝန်ထမ်းချင်းအတူတူ အရပ်သားဝန်ထမ်းကိုမယုံဘူး၊ တပ်ကလာတဲ့ဝန်ထမ်းကိုမှ ယုံတယ်ဆိုတာ ဒါအဆင်မပြေဘူးလေ။"

ဦးကျော်ဝင်း ပြောသွားတဲ့အထဲမှာ သံရုံးဝန်ထမ်းတွေ အနေနဲ့ စစ်ဘက်ကလာတဲ့ လူတွေနဲ့ အရပ်ဘက်ကလာတဲ့လူတွေ ခွဲခြားဆက်ဆံတယ်ဆိုတာ ဘယ်လိုမျိုးလဲခင်ဗျ။

"ဆိုကြပါစို့ အခုလို ကျနော်လည်း ဒီဘက်မှာ နိုင်ငံရေးခိုလှုံခွင့်ရှိလို့ကျန်တဲ့လူကို စစ်ဆေးတယ်၊ ဘာညာဆိုတာ ကိုစိုးအောင်က ကျနော်တို့လိုပဲ အရပ်သားပဲလေ။ သူ့ကျတော့ ဒီလိုပဲ ကြီးကြီးကျယ်ကျယ်နဲ့ ချက်ချင်းပြန်လာ ဘာညာနဲ့၊ ကျန်တဲ့ တာဝန်ရှိတဲ့သူတွေ ရုံးမှာမရှိကြတော့ဘူးလား။ နောက်ပြီးတော့ ရုံးတွေမှာ ဝန်ထမ်းတွေကို ခံစားခွင့်ပေးတာ၊ ဝန်ထမ်းတွေနဲ့ ပတ်သက်တဲ့ ရာထူးတိုးတာတို့၊ Transfer ပေးတာတို့ ဒါတွေအားလုံးကို စဉ်းစားတဲ့အခါ ကွဲပြားတာ သိပ်သိသာတယ်။

"ကျနော်တို့ ဆိုလိုတာ တကယ်အရည်အချင်းပြည့်တဲ့လူ၊ တကယ်ဦးဆောင်နိုင်တဲ့လူ၊ တကယ်နားလည်တဲ့လူဆို ကျနော်တို့က နောက်ကလိုက်ရတာဝန်မလေးပါဘူး။ အခုလောလောဆယ် ကျနော်တို့ဆီမှာ တပ်ကလူတွေရှိနေတာပဲ။ ရှိနေတဲ့ တပ်ကလူတွေနဲ့ အရပ်ဘက်ကလူတွေ ယှဉ်ကြည့်ပါ။ အောက်ခြေမှာ ဖြစ်နေတာကို သေချာကြည့်ပြီးတော့ ဝန်ထမ်းတွေကို သေချာပြန်ပြုပြင်ဖို့လိုတယ်။

"ကျနော်တို့ ဝန်ထမ်းအဖွဲ့အစည်းတွေက ပွင့်ပွင့်လင်းလင်း ကျနော့်အမြင်ပြောရရင်တော့ တပ်ကလူတွေ ဝင်လို့ ကျနော်တို့နိုင်ငံမှာရှိတဲ့ ဝန်ထမ်းအဖွဲ့အစည်းအားလုံးက ပျက်တာပဲ။ နိုင်ငံကို ပြန်တည်ဆောက်တဲ့ အခါကျတော့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကို ပြန်ပြီးတော့ မပြုပြင်ဘဲ၊ ပြန်မတည်ဆောက်ဘဲနဲ့ ဘယ်လိုလုပ် သွားကြမလဲ။"

ဝါရှင်တန် မြန်မာသံရုံးက သံအရာရှိတွေ အနေနဲ့ အမေရိကန်၊ မြန်မာ ဆက်ဆံရေးကောင်းမွန်အောင်ကြိုးပမ်းခဲ့ကြပေမဲ့မြန်မာအာဏာပိုင်တွေဘက်က နိုင်ငံတကာ လိုလားတဲ့ အပြောင်းအလဲမျိုးတွေ လုပ်မလာတဲ့အပေါ်မှာလည်း မြန်မာသံအရာရှိတွေဘက်က စိတ်ပျက်ကြရတယ်လို့ ဦးကျော်ဝင်းက ပြောပါတယ်။

"ကျနော်တို့ဘက်ကတော့ ဒီဘက်မှာ ကိုယ်မြင်တာကိုတင်ပြကြတဲ့အခါ သူတို့ဘက်က၊ ဆိုကြပါစို့ အမေရိကန်ကို ကျနော် နားလည်သလောက်က အမေရိကန်ရဲ့ နိုင်ငံခြားရေးပေါ်လစီက ကျနော်တို့အပေါ်မှာ လူ့အခွင့်အရေးနဲ့ဒီမိုကရေစီပေါ်မှာတည်တယ်။ ခက်တာက လူ့အခွင့်အရေးနဲ့ဒီမိုကရေစီဆိုတာ တော်တော့်ကို အခြေအနေဆိုးတယ်။ လူကို လူသားတယောက်လို မဆက်ဆံဘူး ဆိုကတည်းက ဒါ အခြေအနေက တော်တော်ဆိုးတယ်။ နယ်တွေမှာ ကြုံနေကြတာပဲ။

"ဒါပေမဲ့လည်း ကျနော်တို့က မှန်းကြည့်ရတာ တောက်လျှောက်လုပ်လာကြတယ်ဆိုတာ ပြောင်းလာမလား၊ ပြောင်းလာမလား၊ ဒီလို မျှော်လင့်ချက်နဲ့ တောက်လျှောက်လုပ်ခဲ့ကြတာပဲ။ ဒါပေမဲ့ တကယ်တမ်းကျတော့ ပြောင်းလာတာကို မတွေ့ဘူးဖြစ်နေတယ်။ ၈၈ ပြီးတဲ့ နောက်ပိုင်းမှာလည်း အစိုးရသစ်ဖြစ်လာပြီး နိုင်ငံတော်ကို လူကြီးတွေကလည်း အဲဒီအချိန်မှာ ပြောင်းကြမယ်ပြောတော့ တကယ်ပဲပြောင်းမယ်အောက်မေ့ကြတာ။ တကယ်လည်း ပြောင်းမလာပြန်ဘူး။ နောက်တခါ ၂၀၀၄ မှာ ဦးခင်ညွန့်တို့ကို ဖယ်လိုက်ပြီး နောက်ပိုင်း ပြောင်းဖို့လုပ်ကြတာပဲ။ ဒါပေမဲ့ တကယ်တမ်းပြောင်းမလာဘူး။ အခုလည်း သေချာကြည့်၊ ပြောင်းမလာတဲ့အပြင် ပိုဆိုးလာတယ်။"

**စာမျက်နှာ ၁၀ မှ**




**ဂျူလိုင် ၈ | ND || ||** ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ICRC သည် မြန်မာအကျဉ်းထောင်အလုပ်စခန်းများကိုလည်း လေ့လာစစ်ဆေးသင့်ကြောင်း။
**ဂျူလိုင် ၈ | ND-UPI || ||** ဓာတ်ပုံကို မည်သည့်အနေအထားမှရိုက်သည်ကို မသိစေသည့် ဓာတ်ပုံပညာသည် လှုပ်ရှားမှုသတင်း မှတ်တမ်းယူသူများအား အကာအကွယ်ပေးနိုင်ကြောင်း အိန္ဒိယမှ ပညာရှင် နာဂရာဂျရမှဆို၏။
**ဂျူလိုင် ၁၀ | Asian Tribune || ||** မြန်မာရှိ တိုင်းရင်းသားများအပေါ် မြန်မာစစ်တပ်၏ ကိုလိုနီစနစ်သစ်သုံးနေမှုကို ဇော်လောန်းမှ ၉ မျက်နှာရှိစာတမ်းဖြင့် KNG မှတဆင့်ထုတ်ပြန်၏။
**ဂျူလိုင် ၁၀ | Bangkok Post || ||** ထိုင်းတွင် Yingluck Shinawatra သည် ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာသလို ဒေါ်အောင်ဆန်းစုကြည်သည်လည်း တကယ်ဝင်ရွေးခွင့်ရပါက မြန်မာအစိုးရခေါင်းဆောင်ဖြစ်နေပေမည်ဟု သတင်းအားဘော်မှရေး၏။
**ဂျူလိုင် ၁၁ | RGN-AP || ||** ပုဂံစေတီပုထိုးများအား ကမ္ဘာ့အဆင့်အတန်းမှီမဟုတ်ဘဲ ဖြစ်သလိုပြုပြင်မှုများအပေါ် ဒေါ်အောင်ဆန်းစုကြည်မှ အားမရကြောင်း ဝေဖန်၏။
**ဂျူလိုင် ၁၂ | Radio Australia || ||** ယခင်နှစ်တွင် မြန်မာတွင် ဘိန်းစိုက်ပျိုးမှုသည် သိသာစွာတိုးခဲ့ကြောင်း ကုလသမဂ္ဂမှဆို၏။
**ဂျူလိုင် ၁၂ | AsiaOne || ||** မလေးရှားပိုင် Petronas ကုမ္ပဏီမှငှားထားသည့် ရဟတ်ယာဉ် ပျက်ကျ၍ အနည်းဆုံး မြန်မာအရာရှိသုံးဦး သေဆုံးကြောင်း။
**ဂျူလိုင် ၁၂ | RGN || ||** မြန်မာရောက် လာအိုဝန်ကြီးချုပ်သည် မြန်မာဖက်နှင့် နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ရေးများဆွေးနွေး၏။
**ဂျူလိုင် ၁၂ | Irrawaddy || ||** ပြည်တွင်းစစ်ကြီးသို့ တိုးမဖြစ်ရန် အစိုးရသည် ညှိနှိုင်းရန်လိုကြောင်း၊ ကျွန်ုပ်တို့သည့် စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စုစနစ်ကို လိုလားကြောင်း ကေအိုင်အေမှဆို၏။
**ဂျူလိုင် ၁၂ | Irrawaddy || ||** နအဖ၏ တင်းကျပ်ပိတ်ပင်မှုများကြောင့် အဲန်အဲလ်ဒီအစွန့်ရှည်ရေးသည်ပင် စိုးရိမ်စဖွယ်ဖြစ်နေရကြောင်း ကိုထွေးမှ သတင်းသုံးသပ်၏။
**ဂျူလိုင် ၁၂ | Irrawaddy || ||** ကြံ့ဖွံ့သည် ကြံ့ဖွံ့အဖွဲ့ဝင် အရာရှိအဆင့်ဆင့်ကို လခတိုးမြှင့်ခြင်းအားဖြင့် အင်အားဖြည့်နေကြောင်း။
**ဂျူလိုင်၁၂ | DVB || ||** စစ်တပ်မှ အကြိမ်ကြိမ်ပြေးခဲ့သော လူမမယ်စစ်သည် ရေချမ်း ယခု ၁၅ နှစ် အား စစ်တပ်မှ ပြန်ဖမ်းမိထားပြီး နှိပ်စက်ခဲ့ပုံရကြောင်း။
**ဂျူလိုင် ၁၃ | AFP || ||** အကျဉ်းထောင်ကျများအား တပ်ရှေ့ပြေး မိုင်းနင်းအသေခံများအဖြစ်၎င်း၊ ပေါ်တာအဖြစ်၎င်း မြန်မာမှ သုံးနေကြောင်း Human Rights Watch မှ ဆို၏။
**ဂျူလိုင် ၁၃ | Times || ||** စစ်ပေါ်တာအဖြစ်အသုံးခံရခြင်းသည် မြန်မာတွင် သေဒဏ်ပေးခြင်းနှင့်တူနိုင်၏။
**ဂျူလိုင် ၁၃ | Globe and Mail || ||** တရုတ်ကုမ္ပဏီများသို့ ခုတ်ခွင့်ပေးခဲ့၍ မြန်မာ၏ ကျွန်းသစ်တောများသည် ပြုန်းနေပြီး သစ်ခုတ်လုပ်ငန်းများသည် လာအို သို့ လှည့်နေ၏။
**ဂျူလိုင် ၁၃ | Irrawaddy || ||** မြန်မာတွင် နိုင်ငံရေးအကျဉ်းသားမရှိဟူသည့် အစိုးရ၏ပြောဆိုချက်ကို ပြန်ရုတ်သိမ်းရန်တောင်းဆိုခဲ့မှုကြောင့် နိုင်ငံရေးအကျဉ်းကျ မနှင်းမေအောင် ခေါ် မနိုဘဲလ်အေးအား မိသားစုမှလာတွေ့ရန် ထောင်ဝင်စာခွင့်မပြုကြောင်း။
**ဂျူလိုင် ၁၃ | Miuzzima || ||** ပြည်မြန်မာကုန်တိုက်မှ ပိုင်ရှင်ဖြစ်သူ မြန်မာကုန်သွယ်ရေးနှင့်ကူးသန်းရေးဝန်ကြီးဌာန၏ နှင်ထုတ်ခြင်ခံရသူ လုပ်ငန်းရှင် ၉၈ ဦးသည် နစ်နာကြေးများတောင်းဆိုနေ၏။
**ဂျူလိုင် ၁၃ | DVB || ||** စစ်ကြောင့် ကချင်ပြည်နယ်တွင် ဒုက္ခသည်များ ဝမ်းရောဂါ စသည်တို့စဖြစ်နေရာ အထူးသဖြင့် ခလေးငယ်များ ပိုမိုခံစားနေရကြောင်း။
**ဂျူလိုင် ၁၃ | VOA ||** ဝါရှင်တန် မြန်မာသံရုံးမှ ဦးကျော်ဝင်းသည် အမေရိကန်တွင် ခိုလှုံခွင့်တောင်းပြီး တပတ်အကြာတွင် သံရုံးတွင် နံပတ် ၄ အဆင့်ရှိ ဦးစိုးအောင်သည်လည်း ခိုလှုံခွင့်တောင်းခဲ့၍ နအဖ အသွင်ပြောင်းအစိုးရသစ်သည် မျက်နှာပိုပျက်လာကြောင်း။
**ဂျူလိုင် ၁၃ | Jakarta Globe || ||** တိုးတက်မှုမပြသည့် စစ်အစိုးရအသွင်ပြောင်း မြန်မာအစိုးရသည် အစိုးရနေရာမှ ဆင်းပေးကာ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား အစိုးရအာဏာလွှဲပေးသင့်ကြောင်း ကျော်စွာမှသတင်းဝေဖန်၏။
**ဂျူလိုင် ၁၃ | IRIN || ||** ပေါ်တာအခိုင်းခံနေရသူများသည် နှိပ်စက်ညှဉ်းပမ်းခြင်း၊ ကွပ်မျက်ခြင်း၊ သက်ရှိမိုင်းရှင်းကိရိယာအဖြစ် သုံးစွဲခံနေရကြောင်း။ HRW နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့ KHR မှဆို၏။
**ဂျူလိုင် ၁၃ | Financial Times || ||** ထားဝယ် မောင်းမကန်ဆိပ်ကမ်းသည် ထိုင်းကုမ္ပဏီမှပြုပြင်ပြီးလျှင် အာရှတွင်နာမည်ကြီးအပန်းဖြေဆိပ်ကမ်းဖြစ်လာနိုင်၏။
**ဂျူလိုင် ၁၃ | Irrawaddy || ||** တရုတ်–မြန်မာအရေးအခင်းမျိုး နောက်တခါမဖြစ်ရန် နှစ်နိုင်ငံနည်းမျိုးစုံကြိုးစားရမည်၊ မြန်မာအစိုးရသည် ဒီမိုကရေစီကို ကျင့်သုံးခြင်း ပြည်တွင်းသင့်မြတ်ခြင်းများ ကျင့်သုံးရမည်ဟု ရဲနီမှသတင်းဖေဝဖန်၏။
**ဂျူလိုင် ၁၄ | Irrawaddy || ||** အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့သည် မြန်မာတွင် ၂၀၁၁ နှစ်အတွင်း လူမမယ်စစ်သည်ပြဿနာ တိုင်တန်းမှုပိုများလာကြောင်းဖြင့်ဆို၏။
**ဂျူလိုင် ၁၄ | Irrawaddy || ||** ယခုလအတွင်း တရက်တည်း၌ဖြစ်သော ဝမ်းလိုင်ရွာမှ ၁၂ နှစ်မှ ၅၀ နှစ်ရွယ် ရှမ်းအမျိုးသမီး ၄ ဦးအား အဓမ္မပြုကျင့်မှုများကို သုံးသပ်လျှင် မြန်မာစစ်တပ်သည် အဓမ္မပြုကျင့်ခြင်းကို လက်နက်အဖြစ်သုံးနေခြင်းမှာ ပေါ်လွင်ကြောင်း ရှမ်းအမျိုးသမီးကွန်အဖွဲ့ SWAN အဖွဲ့မှဆို၏။
**ဂျူလိုင် ၁၄ | DVB || ||** မြန်မာစစ်တပ်သည် တိုင်းရင်းသားရှမ်းလက်နက်ကိုင်များအား တိုက်လေယဉ်များသုံး၍ တိုက်ခိုက်ခဲ့ကြောင်း ရှမ်းပြည်နယ်တပ်မှ ဆို၏။

**စာမျက်နှာ ၁၃ သို့**

# ဒေါ်အောင်ဆန်းစုကြည် သားငယ်နဲ့အတူ အာဇာနည်ဗိမ္မာန်သွားရောက်ဂါရဝပြု

**RFA | ဇူလိုင် ၁၂ ။** ။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ သားငယ် Kim Aris ခေါ် ကိုထိန်လင်းနဲ့ ဒီမနက်ပိုင်းမှာ ရွှေတိဂုံဘုရားဖူးပြီး အာဇာနည်ဗိမာန်နဲ့ ရွှေတိဂုံဘုရားလမ်းမှာ ရှိတဲ့ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ရဲ့ ဂူဗိမာန်ကို သွားရောက်ကန်တော့ ကြပါတယ်။ ဒီနေ့ ညနေပိုင်းမှာ ကိုထိန်လင်း ပြန်တော့မှာမို့ မပြန်ခင် မိခင်နဲ့ ဘုရားလည်း ဖူးမျှော်ကန်တော့ပြီး ကွယ်လွန်သူ ဘိုးဘွားတွေကို ဂူဗိမာန်တွေမှာသွားရောက်ကန်တော့တာလို့ NLD ရုံးအဖွဲ့မှူး ဦးဝင်းထိန်က ပြောပါတယ်။

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ သားငယ် Kim Aris ခေါ် ကိုထိန်လင်းတို့ကို ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့က အာဇာနည် ဗိမာန်ကိုသွားရောက်ခဲ့တာဖြစ်ပါတယ်၊

"ဒေါ်အောင်ဆန်းစုကြည်ရဲ့သားငယ် ကိုထိန်လင်းက ဒီနေ့ပြန်မှာ၊ ဒေါ်စုက သူ့အဘိုးအဘွားနဲ့ ကုသိုလ်ရေးကိစ္စလုပ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မနက် ၇ နာရီမှာ သူတို့သားအမိနှစ်ယောက် ထွက်ပါတယ်။ ရွှေတိဂုံဘုရားကို သွားကန်တော့ပြီးတော့မှ အင်္ဂါထောင့်မှာပန်းကပ်တယ်။ ရေချမ်းကပ်တယ်။ ဆုတောင်းတယ်။နောက်ပြီးတော့ စနေထောင့်မှာ မောင်ထိန်လင်းအတွက် ပန်းကပ်တယ်။ ရေချမ်းကပ်တယ်။ ဆုတောင်းတယ်။ အဲဒါပြီးတဲ့ အခါကျတော့ သူတို့သားအမိက အာဇာနည်ကုန်း သွားပြီးတော့ သူ့အဘိုး ဗိုလ်ချုပ်အောင်ဆန်းအုတ်ဂူမှာ ကန်တော့ပါတယ်ခင်ဗျ။ အဲဒါ ကန်တော့ပြီးတဲ့အခါမှာ ရွှေတိဂုံဘုရားလမ်းမှာရှိတဲ့ ဒေါ်ခင်ကြည်ရဲ့အုတ်ဂူကို သွားပြီးတော့ဂါရဝပြုပါတယ်။ မနက် ၇ နာရီက ထွက်တာ အိမ်ပြန်ရောက်တော့ ၈ နာရီထိုးပါပြီ။"

ဒေါ်အောင်ဆန်းစုကြည်တို့ သားအမိ ရွှေတိဂုံဘုရားဖူးမျှော်ချိန်မှာ ပြည်တွင်းသတင်းထောက်တွေ ဓာတ်ပုံရိုက်ကူးနိုင်ပေမယ့် အာဇာနည် ဗိမာန်မှာတော့ သတင်းထောက်တွေကို သက် ဆိုင်ရာက အထဲ ဝင်ခွင့်မပေးဘူးလို့ စာနယ်ဇင်းသမား တဦးကပြောပါတယ်။

မိခင်ရဲ့မွေးနေ့အမှီ ရန်ကုန်ကိုအရောက်လာပြီး မိခင်ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူ ပုဂံ-ညောင်ဦး ခရီးသွားခဲ့တဲ့ ကိုထိန်လင်းဟာ ဒီညမှာ ထိုင်း လေကြောင်းလိုင်းနဲ့ မြန်မာနိုင်ငံက ပြန်လည်ထွက်ခွာမယ်လို့ သိရပါတယ်။

ဒီခရီးဟာ ဒေါ်အောင်ဆန်းစုကြည် နေအိမ် အကျယ်ချုပ်ကနေ ၂၀၁၀ ခုနှစ် နိုဝင်ဘာလက ပြန်လွတ်မြောက်လာပြီးနောက် မိခင်ထံ ကိုထိန်လင်း ဒုတိယအကြိမ်မြောက် လာရောက်တဲ့ ခရီးဖြစ်ပါတယ်။

# ဦးသိန်းစိန်စစ်သားများကို KIO ဖမ်းဆီး

**BBC | ဇူလိုင် ၁၀ ။** ။ KIA ကေအိုင်အေ ကချင်တပ်သားများအစိုးရစစ်တပ်နဲ့ ကေအိုင်အေကချင် လွတ်လပ်ရေးတပ်မတော်တို့ကြားပထမဆုံး တိုက်ပွဲစတင်ပေါ်ပေါက်ခဲ့တဲ့ မိုးမောက်မြို့နယ် 'ဆန်ဂန်' ရွာအနီးက တောင်ကြောမှာ တနင်္ဂနွေနေ့ညနေ ၃နာရီ ဝန်းကျင်လောက်က တိုက်ပွဲငယ်တခု ထပ်မံ ဖြစ်ပွားခဲ့ပါတယ် ။

ကေအိုင်အေတပ်မဟာ ၃၊ တပ်ရင်း ၁၅ လက်အောက်ခံတပ်ဖွဲ့ဝင်တွေနဲ့ မြောက်ပိုင်းတိုင်း မပခလက်အောက်ခံ အစိုးရတပ်ဖွဲ့ဝင်တွေကြား အပြန်အလှန်ပစ်ခတ် တိုက်ခိုက်ခဲ့ကြတာလို့သိရပြီး၊ အစိုးရစစ်တပ်ဖက်က (၁) ဦး ထိမှန်သေဆုံးသွားတယ်လို့ ကေအိုင်အေရှေ့တန်းစစ်ဖက်ရပ်ကွက်က ဆိုပါတယ်။အဲဒီအနီးတဝိုက်မှာအစိုးရစစ်တပ်ဖက်က တပ်ရင်း(၃)ခု လှုပ်ရှားနေတာကြောင့်ထိမှန်ကျဆုံးသွားရသူဟာ ဘယ်တပ်ရင်းကဆိုတာတော့ ရှင်းရှင်းလင်းလင်း မသိရသေးဘူးလို့ဆိုပါတယ်။

စနေနေ့ညနေပိုင်းကလဲ ကချင်ပြည်နယ် မန်စီမြို့နယ် ဂိုက်ထိပ်အနီးက ပလောင်ဒိန်ဆာရွာအနားမှာ ကေအိုင်အေ တပ်မဟာ (၃)တပ်ရင်း(၂၇) တပ်ဖွဲ့ဝင်တွေကနေ အစိုးရစစ်တပ် ခလရ (၇၄) က စစ်ကားတစီးကို ရုတ်တရက် ဝိုင်းပတ်ပိတ်ဆို့ဖမ်းဆီးခဲ့ပါတယ်။

ကားနဲ့အတူ ခလရ (၇၄)က ဗိုလ်ကြီးတဦး အပါအဝင် တပ်ဖွဲ့ဝင် (၁၂) ဦးကိုလဲ ဖမ်းဆီးထားလိုက်တယ်လို့ ကေအိုင်အေ ရှေ့တန်းစစ်ဖက် ရပ်ကွက်က ဆိုပါတယ်။နှစ်ဘက်ကြားမှာ အပစ်ရပ်ဖို့ ကြိုးစားနေကြတာ ရှိပေမယ့် တရားဝင် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုမရနိုင်သေးပဲ နှစ်ဘက် အပြန်အလှန်တိုက်ပွဲတွေ ဆက်ဖြစ်နေတာတွေရပါတယ်။

စစ်ပွဲတွေကနေ ဝေးရာဆီကို ကချင်အရပ်သားတွေ ထွက်လာနေကြဆဲပါ၊ကေအိုင်အေဌာနချုပ်ဟောင်း 'ပါဂျောင်'နဲ့မဝေးလှတဲ့'နားဖော့ 'ဖက်မှာလည်း မပခလက်အောက်ခံ ခလရ (၈၆) ကနေ လက်နက်ပစ်ခတ်မှု (၁၀) ကျော်လောက် စနေနေ့ ညနေပိုင်းက ပြုလုပ်ခဲ့ပါတယ်။ လက်နက်ကြီးပစ်ခတ်စမ်းသပ်မှုအဖြစ်ပြုလုပ်ခဲ့တာဖြစ်ပြီးကေအိုင်အေဖက်ကို ကြိုတင် အသိပေးအကြောင်းကြားပြီးမှ ပြုလုပ်ခဲ့တာဖြစ်တယ်လို့ ကေအိုင်အေ ရပ်ကွက်များအဆိုအရ သိရပါတယ်။

**စာမျက်နှာ ၈ မှ**

သံမှူးကြီး ဦးကျော်ဝင်းကိုယ်တိုင်ဟာလည်း အမေရိကန်၊မြန်မာ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းခဲ့ပေမဲ့ တဘက်မှာ နေပြည်တော်ဘက်က သူ့အပေါ်အမြင်မကြည်လာတာကြောင့် ဒီအပေါ်မှာ စိုးရိမ်စိတ်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုမှာ ခိုလှုံခွင့် တောင်းခဲ့သူဖြစ်ပါတယ်။

အခု ဒီနေ့ အမေရိကန်မှာ ခိုလှုံခွင့် တောင်းခဲ့တဲ့ ဦးစိုးအောင်ဟာ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနမှာ ၁၉၇၉ ခုနှစ် ကတည်းက တာဝန်ထမ်းဆောင်ခဲ့တဲ့ လုပ်သက်ရင့် အရပ်သားဝန်ထမ်းတဦးဖြစ်ပြီး ၂၀၀၈ ခုနှစ်ကတည်းက ဝါရှင်တန်မြို့တော် မြန်မာသံရုံးမှာ ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်နေတာဖြစ်ပါတယ်။ သူဟာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ မြန်မာသံရုံး၊ ထိုင်းနိုင်ငံနဲ့စင်ကာပူမှာရှိတဲ့ မြန်မာသံရုံးတွေမှာလည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါတယ်။

ဦးစိုးအောင်ဟာ ဒီနှစ်ပိုင်းတွေအတွင်း သံမှူးကြီး ဦးကျော်ဝင်းနဲ့ ၂၀၀၅ ခုနှစ်က အမေရိကန်ကားမှာ ခိုလှုံခဲ့တဲ့ ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးဟောင်းအောင်လင်းထွဋ်ပြီးရင် ဝါရှင်တန်မှာရှိတဲ့ မြန်မာသံရုံးကနေ အမေရိကန်ပြည်ထောင်စုမှာ ခိုလှုံဖို့ ဆုံးဖြတ်ခဲ့တဲ့ တတိယမြောက် သံအရာရှိတဦး ဖြစ်ပါတယ်။



# သတင်းတိုထွာဖတ်စရာ

စရှုပ်စုံစရှုး

## လူသား မိုင်းရှင်းကရိယာ

တိုင်းရင်းသားတပ်ဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်ပွားနေရာမှာ ထောင်အသီးသီးက အကျဉ်းသားတွေကို မိုင်းရှင်းကရိယာအဖြစ် သမတသစ်ဦးသိန်းစိန်စစ်တပ်က အသုံးပြုနေတယ်လို့ Andrew Buncombe and Joseph Allchin တို့ရဲ့ သတင်းဆောင်းပါးက ဆိုပါတယ်။

ဒီလုပ်ရပ်ဟာ လူ့အခွင့်အရေးကို အကြီးမကျယ်ချိုးဖောက်နေတာဖြစ်တယ်လို့လည်း Human Rights Watch (HRW) and the Karen Human Rights Group တို့ကလည်း စွပ်စွဲပြောဆိုပါတယ်။ အကျဉ်းသားတွေဟာ စစ်တပ်ရဲ့အထမ်းသမားများဘဝမှာ ညှဉ်းပမ်းနှိပ်စက်မှုမျိုးစုံလည်းခံကြရတယ်လို့လည်းဆိုပါတယ်။ (Independent 14 July ,2011)

## တရားဝင် မှတ်ပုံတင်ထုတ်ပေးမည်

မြန်မာအပါအဝင် လောနဲ့ ကမ္ဘောဒီယားမှ ရွှေ့ပြောင်းအလုပ်မသား ၈ သိန်းကျော်ကို တရားဝင် မှတ်ပုံတင်ထုတ်ပေးတော့မယ်လို့ ထိုင်းအလုပ်သမား ဝန်ကြီးဌာနမှ ပြောဆိုပါတယ်။ တရားမဝင်အလုပ်သမားများကို တရားဝင်အလုပ်လုပ်ခွင့်ရရှိရေးအတွက် ထိုင်းအစိုးရရဲ့ ကြိုးပမ်းချက်ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ မြန်မာနိုင်ငံမှ အလုပ်သမားအမြောက်အမြား သွားရောက်အလုပ်လုပ်ကိုင်နေကြတာဖြစ်ပါတယ်။ (Bernama 15 July ,2011)

---

## ပြည်တွင်းစစ်မီးကြီး

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး Ban Ki-moon ရဲ့ စောင့်ကြည့်နေပါတယ်လို့ပြောဆိုနေရင်းနဲ့ပဲ လစ်ဗျားနိုင်ငံမှာ ပြည်တွင်းစစ်မီးကြီး တဟုန်းဟုန်း ထတောက်တော့တာပါပဲ။

သမတသစ်ဦးသိန်းစိန်ရဲ့ စစ်တပ်က တိုင်းရင်းသားတွေအပေါ် ထိုးစစ်ဆင်နေတာနဲ့ပတ်သက်လို့ ယနေ့အထိ ကုလသမဂ္ဂအနေနဲ့ တခွန်းတပါဒမှ ထုတ်ဖော်ပြောဆိုခြင်းမရှိပဲ စောင့်ကြည့်နေတဲ့သဘောဆိုပါက လစ်ဗျားနိုင်ငံလို မြန်မာနိုင်ငံမှာလည်း ပြည်တွင်းစစ်ကြီးဖြစ်လာနိုင်တယ်လို့ Matthew Russell Lee က ထောက်ပြပြောဆိုပါတယ်။ (Inner City Press 14 July ,2011)

---

## နေပြည်တော်မှာ အလုပ်လက်မဲ့များပြား

နေပြည်တော်မှာ အလုပ်လက်မဲ့တွေများပြားလွန်းလို့ တချို့ ရွာကိုပြန်ကြရတယ်လို့ဆိုပါတယ်။ ဦးသိန်းစိန်အစိုးရက ဘတ်ဂျက်အသုံးစရိတ်လျှော့ချလိုက်တဲ့ အစီအစဉ်ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းအတော်များများရပ်ဆိုင်းထားလိုက်ရလို့ အလုပ်လက်မဲ့ ၂၀၀၀ ကျော် ၃၀၀၀ ဟာ နေ့စဉ်မိမိနေရပ် ကို ပြန်နေကြတယ်လို့သိရပါတယ်။ နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နဲ့ ဇေယျာသီရိမြို့နယ်တွေမှာ ကမ္ဘာ့အဆင့်မီ လေယာဉ်ကွင်းအပါအဝင် လောလုံးကွင်းများဆောက်လုပ်နေတာဖြစ်ပါတယ်။ (Mizzima 15 July ,2011)

---

## အသဲအစားထိုးကုသတော့မည်

မြန်မာနိုင်ငံမှာ ပထမဆုံး အသဲအစားထိုးကုသရေးအတွက် ဆေးရုံကို စင်္ကာပူနိုင်ငံ Changi General Hospital ဆေးရုံရဲ့အကူအညီနဲ့ ဆောက်လုပ်နေပါတယ်။ ဒီဆေးရုံဟာ ဒေါ်လာ သန်း ၄၀ ကျော်ကုန်ကျမယ့် ပုဂ္ဂလိကဆေးရုံဖြစ်ပါတယ်။ အသဲအစားထိုးကုသဖို့ လူနာတဦးအတွက် အမေရိကန်ဒေါ်လာ ၂၅၀၀၀ ကုန်ကျမယ်လို့သိရပါတယ်။ မြန်မာနိုင်ငံမှာ အသဲအစားထိုးကုသအောင်မြင်ခဲ့တာ ၂၀၀၄ ခုနှစ်ကတည်းဖြစ်တယ်လို့ ပြည်တွင်းထုတ် weekly Voice ဂျာနယ်က ဆိုပါတယ်။ (Xinhua 10 July ,2011)

---

## ဦးသိန်းစိန်အစိုးရကို ကြေးမုံကဝေဖန်

အစိုးရအာဘော်ဖြစ်တဲ့ကြေးမုံသတင်းစာကြီးကလက်ရှိအစိုးရကိုဝေဖန်ရေးသားလိုက်ပါတယ်။ ဆောင်းပါးရှင် ဝေယံမောင်က သယံဇာတပေါကြွယ်ဝတဲ့ မြန်မာနိုင်ငံဟာ ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းကျော်နေရခြင်းဟာ တိုင်းပြည်ကို စီမံခန့်ခွဲနေတဲ့ တာဝန်ရှိသူများဟာ ဆင်းရဲနွမ်းပါးသူတို့အရေးကို လုပ်သင့်သလောက်မလုပ်နိုင်ခဲ့တဲ့အတွက်ဖြစ်တယ်လို့ ဝေဖန်ရေးသားလိုက်တာပါ။ လက်တဆုပ်စာလူတန်းစားတို့၏ အခွင့်ထူးခံလုပ်ရပ်များကြောင့် ပြည်သူများ အကျိုးစီးပွား ဆုံးရှုံးနစ်နာခဲ့ကြရသည်လို့လည်း ထိပ်ပိုင်းတစုကို ဝေဖန်ရေးသားလိုက်ပါတယ်။ (VOB 15 July ,2011)

---

## ငါးဖမ်းသူများ ဖမ်းဆီးခံရ

မြန်မာငါးဖမ်းသူများ ၂၂ ဦးကို အိန္ဒိယကမ်းခြေစောင့်တပ်က စက်လှေနှစ်စီးနဲ့အတူ ဖမ်းဆီးလိုက်ပါတယ်။ အိန္ဒိယ ရေပိုင်နက်အတွင်းဝင်ရောက်ပြီး ငါးခိုးဖမ်းကြတဲ့ မြန်မာငါးဖမ်းသမားများကို မကြာခဏဖမ်းဆီးလေ့ရှိပါတယ်၊ လွန်ခဲ့တဲ့ ၆ လအတွင်း မြန်မာငါးဖမ်းသူ ၁၇၁ ဦးကို ငါးဖမ်းစက်လှေ ၁၅ စီးနဲ့အတူ ဖမ်းဆီးမိခဲ့တယ်လို့ Newkerala သတင်းစာကဆိုပါတယ်။ အခုလို ငါးခိုးဖမ်းနေမှုကို အိန္ဒိယရဲက နေ့စဉ်ရက်ဆက်ဖမ်းဆီးနေတာကို ဦးသိန်းစိန်အစိုးရ တစုံတရာ တုန့်ပြန်ပြောဆိုခြင်းမရှိပါ။ (VOB 16 July ,2011)

---

## မုန့်ချက်နဲ့ နှမ်းထွက်မကိုက်

နေပြည်တော်မှာ ကျင်းပတဲ့ ကျောက်မျက်ရောင်းဝယ်ပွဲမှာ မုန့်ချက်နဲ့ နှမ်းထွက်မကိုက်ဖြစ်သွားတယ်လို့ ဆိုပါတယ်။ ရတနာကုန်သည်ပေါင်း ၉၀၀၀ ကျော်လာရောက်ဝယ်ယူအားပေးခဲ့ကြရာ နိုင်ငံခြားမှ ကုန်သည် ၅၀၀ ကျော်ပါဝင်ပါတယ်။ အများစုဟာ တရုတ် ထိုင်ဝမ်နဲ့ ထိုင်းမှ ရတနာကုန်သည်များဖြစ်ပါတယ်။ ဒီကတထဆင့် စီးပွားရေးပိတ်ဆို့ထားတဲ့ အနောက်နိုင်ငံတွေဆီကို နာမည်ကြီး ကျောက်များရတာနာများ ရောက်ရှိနေတာဖြစ်တယ်လို့လည်း သတင်းကဆိုပါတယ်။ (Reuters 15 July ,2011)

# အဖွဲ့ချုပ်မှာ ဒေါက်တာဦးမြင့် ဟောပြောမည့် အစီအစဉ် ဖျက်သိမ်းလိုက်ရ

**VOA၊ ဂျူလိုင် ၁၁ ။ ။** အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ရုံးမှာ ဒီကနေ့ ပြုလုပ်ဖို့ စီစဉ်ထားတဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ရဲ့စီးပွား ရေး အကြံပေး ဒေါက်တာဦးမြင့်ရဲ့ ကျေးလက်ဒေသ ဆင်းရဲမွဲတေမှု ပ ပျောက်ရေးခေါင်းစဉ်နဲ့ပြုလုပ်မယ့် ဟောပြောပွဲကို အာဏာပိုင်တွေက ဖိအားပေးတာကြောင့် ဖျက်သိမ်းလိုက်ရတယ်လို့ NLD ဘက်ကတာဝန် ရှိသူတွေက ပြောပါတယ်။ အပြည့်အစုံကို မသီဂီထိုက်ကတင်ပြပေး ထားပါတယ်။

အစိုးရသစ် သမ္မတဦးသိန်းစိန်ရဲ့ စီးပွားရေးအကြံပေးဒေါက်တာ ဦးမြင့်က ဒီကနေ့ တနင်္လာနေ့မှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) မှာ ဆင်းရဲမွဲတေမှု ပပျောက်ရေးဆိုင်ရာဟောပြောပွဲတခုလုပ်ဖို့ စီစဉ် ထားပေမဲ့ ဒီကနေ့မလုပ်ဖြစ်တော့တဲ့အကြောင်း NLD ရဲ့ဗဟိုကော်မ တီဝင် တဦးဖြစ်တဲ့ ဦးဝင်းထိန်က ပြောပါတယ်။

"ဒေါက်တာ ဦးမြင့်ကို နေပြည်တော်က ကျနော်တို့ဆီမှာ လာပြီး တော့ Lecture မရိုက်ရဘူးဆိုပြီး တားမြစ်လို့ ဒီနေ့အစီအစဉ် ပျက်သွား တာပါ။ ကျနော်တို့ဆီမှာ မလုပ်ဖြစ်ဘူးပေါ့။ သူကတော့ မြန်မာပြည် မှာရှိတဲ့အနေအထားပေါ့၊ ဆင်းရဲမှု ပပျောက်ရေးအတွက် လုပ်တဲ့ဟာ တွေကို ဟောပြောပွဲ သဘောမျိုးလုပ်ဖို့ရှိတာပါ။"

ဒေါက်တာ ဦးမြင့်ပြုစုထားတဲ့ ဆင်းရဲမွဲတေမှု ပပျောက်ရေးဆိုင် ရာ စာတမ်း ၂ စောင်ကို ဒီကနေ့ ဟောပြောဖို့ စီစဉ်ထားတာမှာ NLD ပါတီဝင်တွေ အပါအဝင် ပြင်ပက ပါတီဝင် မဟုတ်သူတွေကိုလည်းတက် ရောက်ဖို့ ဖိတ်ကြားထားတာလို့လည်း NLD ဘက်က ပြောပါတယ်။

ပြီးခဲ့တဲ့ မေလက အစိုးရသစ်ကျင်းပတဲ့ ဆင်းရဲမွဲတေမှုပပျောက် ရေးစာတမ်းဖတ်ပွဲမှာလည်း ဒေါက်တာဦးမြင့်က စာတမ်းတ စောင်ဖတ် ကြားခဲ့ပါသေးတယ်။

NLD ပါတီကတော့ ပါတီဝင်တွေရဲ့ နိုင်ငံရေး လုပ်ရည်ကိုင်ရည် တိုးတက်လာရေးအတွက် အခုလိုပညာရှင်တွေနဲ့ ဟောပြောပွဲတွေ၊ သင် တန်းတွေ ဖြစ်မြောက်လာဖို့ ဆက်ပြီး လုပ်ဆောင်သွားမယ်လို့ပြော ပါတယ်။ ဒါပေမဲ့ မကြာသေးခင်က Myanmar Egress ရဲ့ဒါရိုက်တာ အဖွဲ့ဝင်တဦးဖြစ်တဲ့ နိုင်ငံရေးသိပ္ပံ ပညာရှင် ဒေါက်တာကျော်ရင်လှိုင်က NLD မှာ နိုင်ငံရေးသင်တန်းပေးဖို့ စီစဉ်ထားတာကိုလည်း ဒေါက်တာ ကျော်ရင်လှိုင်ဘက်က သင်တန်းရက်ကို ရွှေ့ဆိုင်းထားတယ်လို့ဦးဝင်း ထိန်က ပြောပါတယ်။

"ဒေါက်တာ ကျော်ရင်လှိုင်ကတော့ ရက်ရွှေ့လိုက်တာပါ။ နောက်လထဲတော့ ဖြစ်မှာပါ။"

NLD ဘက်ကတော့ အခုလို နိုင်ငံပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဟောပြောပွဲတွေ၊ နိုင်ငံရေးဆိုင်ရာသင်တန်းတွေကို ပါတီဝင်တွေရဲ့ နိုင်ငံရေး လုပ်ရည် ကိုင်ရည် တိုးတက်လာအောင် ပါတီအထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က အလေးထားလုပ်ဆောင်နေ တာ ဖြစ်တယ်လို့လည်း ပြောပါတယ်။

ပါတီအထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် နေ အိမ်အကျယ်ချုပ်က လွတ်မြောက်လာပြီးနောက်ပိုင်းမှာပါတီဝင်လူငယ် တွေနဲ့တွေ့ဆုံပွဲ၊ အဖွဲ့ချုပ်ခေါင်းဆောင်ပိုင်းတွေအတွက်ဟောပြောပွဲ တွေ၊ လယ်သမားတွေအတွက် ဟောပြောပွဲတွေ စသဖြင့် လစဉ်ပြုလုပ် နေပြီး နောက်ပိုင်းမှာလည်း ပြည်ပက ပညာရှင်တွေနဲ့ပါ သင်တန်းတွေ၊ ဟောပြောပွဲတွေ ပြုလုပ်သွားနိုင်ဖို့အထိ စီစဉ်နေတယ်လို့လည်း ပြောပါ တယ်။

---

# အာဏာပိုင်များ၏ မတရားမှု နတ်မောက်မြို့ လယ်သမားတွေ ILO တိုင်ကြား

**RFA၊ ဂျူလိုင် ၁၄ ။ ။** မကွေးတိုင်း နတ်မောက်မြို့နယ်ထဲမှာ ဒေသခံ အာဏာပိုင်တွေနဲ့ မြေစာရင်းဦးစီးဌာန ဝန်ထမ်းတွေ မမှန်မကန် ဆောင် ရွက်နေတာကို လယ်သမားတွေက ILO အရာရှိကို ဒီနေ့ တင်ပြလိုက် ကြတယ်လို့ သတင်းရရှိ ပါတယ်။

မကွေးတိုင်း နတ်မောက် မြို့နယ်ထဲမှာ ပင်မ စစ်လက်နက် ပစ္စည်းတပ်ကသိမ်းထားတဲ့ လယ်မြေတွေအတွက် ILO ရဲ့ ကြားဝင် ဆောင်ရွက်ပေးမှုကြောင့် လျော်ကြေးပေးတဲ့အခါမှာ မမှန်မကန်ဆောင် ရွက်နေတာပါ။

မြေသိမ်းခံလယ်သမားတွေရဲ့ လယ်ယာမြေတွေအတွက် နစ် နာကြေးအဖြစ် တဧက ၃ သိန်းနှုန်းပေးတဲ့အခါမှာ အသိမ်းခံရတဲ့ လယ် တွေ အကုန်လုံးအတွက်မရပဲ တစိတ်တပိုင်းပဲရကြတယ်လို့ လယ်သ မားတွေက ပြောပါတယ်။ နတ်မောက်မြို့နယ် ရွာမွန်အုပ်စု ကျောက် ရွာလေးက လယ်သ မားတဦးကလဲ သူ့နစ်နာချက်ကို အခုလိုပြော ပါတယ်။

"၁၆ ဧက ရှိတာ နဲနဲလေးဘဲပြန်ရတယ်လေ။ မြေစာရင်းမှာ အပြောင်းအလဲတွေလုပ်ပြီးတော့ သူတို့အချင်းချင်း နားလည်မှုတွေ လုပ်လို့ ရန်ကုန်ဆင်းပြီး ဒီမိုကရေစီအဖွဲ့နဲ့ညှိနှိုင်းပြီးတော့ ILO လာ တိုင်တာပါ။"

ဒီအတွက် နစ်နာရတဲ့လယ်သမားတွေက ILO ရုံးကို တိုင်ကြား ခဲ့လို့ ပြီးခဲ့တဲ့မတ်လကစပြီး လျော်ကြေးပေးနေရတာပါ။ ဒါပေမယ့် မြေစာရင်းဌာနနဲ့အာဏာပိုင်ပေါင်းပြီး လယ်သမားတွေရဲ့ မူလပိုင်ဆိုင်မှု မြေပမာဏကို အမှန်အတိုင်းမဖေါ်ပြပဲ လျော်ကြေးပေးတဲ့အတွက် ထိ ခိုက်နစ်နာနေရတာလို့ လယ်သမားတွေက ပြောပါတယ်။

အခုကိစ္စကို ဒီနေ့ပဲ ILO အရာရှိနဲ့တွေ့ပြီး တိုင်ကြားလိုက် တယ်လို့ NLD ရဲ့ အလုပ်သမား လယ်သမားအရေး ဆောင်ရွက်နေသူ ဦးသက်ဝေက ပြောပါတယ်။

"မြေစာရင်းဦးစီးဌာနနဲ့ သက်ဆိုင်ရာ ရရက ဥက္ကဌတွေ ကနေ ပြီးတော့ မြေဧကတွေလျှော့ပြီးတော့ သူတို့ရဲ့ကိုယ်ကျိုးစီးပွါးအ တွက် လုပ်နေပါတယ်။ အဲဒါ ကျနော်တို့ကို အကူအညီတောင်းလို့ ILO အရာ ရှိကို တိုင်ထားတယ်ပေါ့ဗျာ။"

၂၀၀၄-၂၀၀၅ ခုနှစ်ကစလို့ ပင်မ စစ်လက်နက်ပစ္စည်းတပ်က အဲဒီဒေသတဝိုက် ရွာပေါင်း ၂၀ လောက်ကသိမ်းထားတဲ့ လယ်မြေ ဧကပေါင်း တသောင်းကျော်ရှိပြီး အဲဒီနေရာမှာ ဂိုဒေါင်တွေ ဆောက် ထားတယ်လို့ ပြောကြပါတယ်။

# ရပ်ဝေးထောင်ရှိ နိုင်ငံရေးအကျဉ်းသားများ ထောင်ဝင်စာ ၁၅ မိနစ်သာခွင့်ပြု

**RFA | ဂျူလိုင် ၁၄ ။ ။** နိုင်ငံရေးအကျဉ်းသားတွေကို ဝေးလံတဲ့ ထောင်တွေကို ပို့ထားတဲ့အတွက် မိသားစုလာရောက်တွေ့ဆုံဖို့ ခက်ခဲတဲ့အပြင် လာရောက်ချိန်မှာလည်း မိနစ်အနည်းငယ်သာ တွေ့ဆုံခွင့် ရတဲ့အကြောင်း သိရပါတယ်။

အကျဉ်းသားများ၏ မိသားစုဝင်တဦး မေလ ၁၇ ရက်နေ့က ရန်ကုန်မြို့ အင်းစိန်ထောင်ရှေ့တွင် စောင့်နေပုံဖြစ်ပါသည်။ အကျဉ်းသားအားလုံးကို ထောင်ဒဏ်တနှစ်စီ လျှော့ပေါ့ပေးပြီး အင်္ဂါနေ့မှစပြီး အကျဉ်းသား ၁၇ ၀၀၀ ကို စတင်လွှတ်ပေးနေကြောင်း ဦးသိန်းစိန်အစိုးရက ကြေငြာခဲ့ပြီး သော်လည်း နိုင်ငံရေး အကျဉ်းသား ၂၀၀၀ ကျော် အကျဉ်းထောင်တွင်း ကျန်ရှိနေသေးသည့်အပေါ် ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့ကြသည်။

ပြီးခဲ့တဲ့ အပတ်ထဲက ရန်ကုန်မြို့ ကနေ ကျောက်ဖြူထောင်ကို ပို့ထားတဲ့ နိုင်ငံရေး အကျဉ်းသား ကိုမျိုးမင်းကို ထောင်ဝင်စာ တွေ့ချိန်မှာ ထောင်တာဝန်ရှိသူတွေက တာဝန်အရဆိုပြီး ၁၅ မိနစ်သာ တွေ့ခွင့်ပြုခဲ့တဲ့အကြောင်း ဇနီးဖြစ်သူ မနီနီမာက RFA ကို ပြောပါတယ်။

၂၀၀၈ ခုနှစ်က တရားမဝင် သင်းပင်း ဆက်သွယ်မှုနဲ့ ထောင်ဒဏ် ၈ နှစ် ချခံထားရတဲ့ HRDP လူ့အခွင့်အရေး မြှင့်တင်သူ ကိုမျိုးမင်းကို ခရီးဝေးလွန်းတဲ့အတွက် သူ့အနေနဲ့ ၂ နှစ်လောက်ကြာမှ တစ်ခေါက်လောက်သာ ထောင်ဝင်စာ သွားတွေ့ နိုင်တယ်လို့ ဇနီးဖြစ်သူ မနီနီမာက ပြောပြပါတယ်။

ကိုမျိုးမင်းကို ၂၀၀၈ ခုနှစ်က HRDP ခေါင်းဆောင် ဦးမြင့်အေးတို့နဲ့ အတူ ဖေါက်ခွဲရေး အမှု၊ တရားမဝင် အဖွဲ့အစည်းများနဲ့ ဆက်သွယ်မှုစတဲ့ အမှုတွေနဲ့ဖမ်းဆီးခဲ့ပါတယ်။ အဲဒီနောက် စစ်ကြောရေးမှာ ညှဉ်းပမ်းနှိပ်စက်ခံရပြီးနောက် ထောင်ဒဏ်ချခံခဲ့ရပါတယ်။ အင်းစိန်ထောင်မှာ ၄ လနေပြီး ကျောက်ဖြူထောင်ကို ပို့ခဲ့တာဖြစ်ပါတယ်။

ကိုမျိုးမင်းရဲ့ဇနီးသည်မှာ ခလေး ၄ ယောက်နဲ့ အတူ ခက်ခက်ခဲခဲ ရှန်းကန်နေရတဲ့ အတွက် ထောင်ဝင်စာ ပေးစရာ ယူဆောင်သွားနိုင်တာ မရှိသလို၊ တွေ့ချိန်မှာလည်း ထောက်လှမ်းရေးက အနားမှာစောင့်ပြီး ရေးမှတ်နေကြောင်း၊ နိုင်ငံရေးအကျဉ်းသားတွေကို ဖမ်းဆီး ထောင်ချတဲ့အပြင် သူတို့ရဲ့ မိသားစုကိုပါ ဒဏ်ပေးထားသလို ဖြစ်နေကြောင်း ဇနီးဖြစ်သူ မနီနီမာက ပြောပါတယ်။ ကိုမျိုးမင်းဟာကျောက် ဖြူထောင်မှာ ၃ နှစ်ရှိသွားပြီ ဖြစ်ပါတယ်။ ကြည့်မြင်တိုင်မြို့ နယ်၊ စိတ်ကြီးဦးမြရပ်ကွက်မှာ နေထိုင်သူဖြစ်ပြီး၊ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး နောက်ပိုင်းမှာ ကိုမျိုးမင်းဟာ ဖမ်းဆီးခံခဲ့ ရတာ ဖြစ်ပါတယ်။

**ပြကွဒိန်မှ**

**ဂျူလိုင် ၁၄ | Miuzzima ။ ။** ပင်လယ်ရေသည် သာမန်အပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မြင့်လျှင် ဖြစ်ပေါ်တတ်သော El Nino အသွင် မိုးခေါင်ရေရှားဖြစ်မှုသည် ဩဂုတ်နှင့် နိုဝင်ဘာလ တခုခုတွင် မြန်မာတွင်ဖြစ်ပေါ်နိုင်ကြောင်း ကမ္ဘာ့မိုးလေဝသဌာနများမှဆိုနေ၍ မြန်မာအစိုးရသည် သတိပေးမှုများ ကြိုတင်ပြုသင့်ကြောင်း မိုးလေဝါသပါရဂူ ဒေါက်တာထွန်းလွင်မှ သတိပေး၏။

**ဂျူလိုင် ၁၄ | Miuzzima ။ ။** အနှစ် ၃၀ ကျော်ပိတ်ထားသည့် ဦးဝင်းတင်၏စာအုပ်အချို့ကို ပြန်လည်ပုံနှိပ်ခွင့်ရမည်ဖြစ်ကြောင်း။

**ဂျူလိုင် ၁၄ | UN. Inner City Press ။ ။** မြန်မာအစိုးရတပ်သည် ကချင်တိုင်းရင်းသားများအားဖမ်းဆီး၍ အသေခံမိုင်းရှင်းများအဖြစ်သုံးနေခြင်း၊ အမျိုးသမီးများအား အမ္မပြုကျင့်ခြင်းများ၊ ကချင်များအပေါ် ပြည်တွင်းစစ်ခင်းနေခြင်းများကို ကုလ၏ မြန်မာဆိုင်ရာအထူးသံ နမ်ဘီယားသည် ကုလညီလာခံတွင် ထည့်သွင်းပင်မပြောသေးကြောင်း။

**ဂျူလိုင် ၁၄ | Foreign Policy ။ ။** မြန်မာတပ်သည် ရှမ်းပြည်တွင် တံတားများကိုဖျက်ဆီးခဲ့သည်ကို သက်သေခံမည့်ဓာတ်ပုံများ အက်စ်ဒီကပ်ပြားဖြင့် မြန်မာပြည်ပြင်ပသို့ တဆင့်စီရောက်ရှိလာကြောင်း။

**ဂျူလိုင် ၁၄ | Asian Correspoindent ။ ။** ရှမ်းအမျိုးသမီးများလှုပ်ရှားမှုအဖွဲ့နှင့် ရှမ်းလူ့အခွင့်အရေးဖေါင်ဒေးရှင်းတို့၏ ယနေ့ထုတ်ပြန်ချက်တွင် မြန်မာတပ်များအား မုဒိမ်းကျင့်ခြင်းကို စစ်လက်နက်တခုအဖြစ်သုံးခြင်းအပေါ် ပြစ်တင်ဝေဖန်၏။

**ဂျူလိုင် ၁၅ | Asian Correspondent ။ ။** လိုင်ဇာတွင် ကချင်တိုင်းရင်းသားအဖွဲ့များ ဂျူလိုင် ၁၂ နှင့် ၁၃ ဆွေးနွေးပွဲသည် စစ်အစိုးရကြိုးကိုင် မြန်မာအစိုးရ၏ နိုင်ငံရေးအရ ပြန်လည်စေ့စပ်ရေးမပါသည့် အပစ်အခတ်ရပ်စဲရေးကို လက်မခံရန်ဆုံးဖြတ်ခဲ့၏။

**ဂျူလိုင် ၁၅ | The Edge ။ ။** ကမ်းလွန်ရေနံကွက် ၁၈ ကွက် အတွက် လေလံတင်ထား၏။

**ဂျူလိုင် ၁၅ | BKK ။ ။** ထိုင်းတွင် မြန်မာ၊ ကမ္ဘောဒီးယားနှင့်လာအိုတို့မှ နယ်ရွှေ့လုပ်သား ၈၂၈ ၀၀၀ ဦးတို့သည် ထိုင်းအလုပ်သမားဝန်ကြီးဌာနနှင့် မှတ်ပုံတင်ပြီးကြောင်း။

**ဂျူလိုင် ၁၅ | NAYPYIDAW ။ ။** မြန်မာ၏ ဂျူလိုင် ၁ မှ ၁၃ ထိ ကျောက်မျက်ရတနာပွဲတွင် ဒေါ်လာ တစ် ဒသမ ၅၇ ဘီလီယံဖိုးရောင်းရကြောင်း။

**ဂျူလိုင် ၁၅ | Irrawaddy ။ ။** တရုတ် CPI ရေအားလျှပ်စစ်လုပ်ငန်းအတွက် လုပ်ကိုင်သူတရုတ်နှင့်မြန်မာပညာရှင်အချို့သည် မြစ်ဆုံရေကာတာကို မ ဆောက်ရန်တိုက်တွန်းခဲ့သော်လည်း CPI မှ လက်မခံခဲ့ကြောင်း။

**ဂျူလိုင် ၁၅ | Irrawaddy ။ ။** ရှမ်းပြည်နယ်တွင် မိမိ၏တိုင်းမှူးဘဝတွင် ရက်စက်ခဲ့မှုများအတွက် ဒုသမတဦးတင်အောင်မြင့်အား ကုလသမဂ္ဂမှ စစ်ဆေးအရေးယူသင့်ကြောင်း ကေအိုင်အေခေါင်းဆောင်ပိုင်းမှဆို၏။

**ဂျူလိုင် ၁၅ | Miuzzima ။ ။** အဲန်အယ်ဒီသည် မိမိ၏တရားဝင်မှုကို ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ UNCHR သို့ သက်သေတင်ပြရန် စီစဉ်နေကြောင်း။

**ဂျူလိုင် ၁၅ | Miuzzima ။ ။** ဘတ်ဂျက်တင်းကျပ်မှုကြောင့် နေပြည်တော်တွင် ဆောက်လုပ်ရေးလုပ်တန့်ကာ လုပ်သားများ အလုပ်လက်မဲ့ဖြစ်နေကြောင်း။

**ဂျူလိုင် ၁၅ | Miuzzima ။ ။** ကြံ့ခိုင်ဖွံ့အတွင်းရေးမှူး ၁ ဦးအောင်သောင်းနှင့်အဖွဲ့ သည် ဂျူလိုင် ၁၄ နှင့် ၁၅ တို့တွင် ကေအိုင်အေစသည့် ကချင်အဖွဲ့များနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှုဆိုင်ရာ အသံကူးတိတ်ကို သမတဦးသိန်းစိန်သို့ ဖွင့်ပြမည်ဆို၏။

**ဂျူလိုင် ၁၅ | DVB ။ ။** ဒေါ်အောင်ဆန်းစုကြည် ယခုလွှတ်လာပြီးနောက် ပထမဆုံး တရားဥပဒေစိုးမိုးရေး တောင်းဆိုသလိုပင် ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရသစ်၏ ဥပဒေများကို လိမ်မာပါးနပ်စွာ သုံးရပေမည်ဟု Clive Parker မှ သတင်းဝေဖန်၏။

# ပြည်မြန်မာကုန်တိုက် ဆိုင်ခန်းရှင်များ နစ်နာကြေးတောင်း

**Mizzima | ဂျူလိုင် ၁၃ ။** ။ လေလံတင် ရောင်းချခဲ့သည့် စီးပွားကူးသန်းဝန်ကြီးဌာနပိုင် ပြည်မြန်မာ ကုန်တိုက် အဆောက်အဦးတွင် ဖွင့်လှစ်ရောင်းချနေသော ဆိုင်ခန်း ၉၈ ခုမှ ဆိုင်ရှင်များက နစ်နာကြေး သို့မဟုတ် နေရာ အစားထိုးပေးရန် တောင်းဆိုထားမှုမှာ တလကျော်ကြာမြင့်သော်လည်း တုံ့ပြန်ချက်မရဘဲ ဖြစ်နေသည်။

အထပ် ၇ ထပ်ရှိ အဆောက်အဦးကို စီးပွားကူးသန်းက Myanmar Marketing Research and Development Co; Ltd နှင့် AA Medical Product Co.Ltd တို့သို့ ကျပ် ၄၁ ဘီလီယံဖြင့် မတ်လ ၂၄ ရက်နေ့က လေလံရောင်းချခဲ့ပြီးနောက် ဆိုင်ခန်းများပိတ်ပစ်စေမှုဖြစ်ပေါ်လာခဲ့သည်။

ဆိုင်ခန်းများ ပိတ်ပင်ခဲ့ရမှုကြောင့် အလုပ်သမားပေါင်း ၃၀၀ ခန့်အလုပ်ပြုတ်သွားပြီး ဆိုင်ခန်းပိုင်ရှင်များ ငှားရမ်းစဉ်ကာလက ဆိုင်ခန်းများပြင်ဆင်မှုနှင့် ထိန်းသိမ်းမှုအတွက် ရင်းနှီးမြှုပ်နှံခဲ့ရခြင်းများ ဆုံးရှုံးမှု ရှိခဲ့သည်ဟု ထောက်ပြကြသည်။

" တခြားနေရာတွေဆိုရင် ကျနော်တို့ ဖယ်ပေးလိုက်တာကြာပြီ။ ဒီအဆောက်အဦးတွေကကျနော်တို့ပိုက်ဆံနဲ့ပြုပြင်ထိန်းသိမ်းထားတာ ကျနော်တို့က ၁၇ နှစ်ကျော် လုပ်လာတဲ့အတွက် လျော်ကြေးပဲ ဖြစ်ဖြစ် နေရာအစားထိုးပဲဖြစ်ဖြစ် ကျနော်တို့ တောင်းထားတာ အဲဒါဘာမှမရသေးဘူး" ဟု ဆိုင်ရှင်တဦးဖြစ်သူ ဦးစိုးမြင့်အောင်က ပြောသည်။

စီးပွားကူးသန်းဝန်ကြီး၏ ညွှန်ကြားချက်ကြောင့် အကြီးစားပြင်ဆင်မှုများ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် လုပ်ခဲ့ကြရခြင်းကြောင့် ဆိုင်ခန်း ၉၈ ခန်းအတွက် ကုန်ကျခဲ့သည့် ကျပ်သိန်း ၉၈၀ အလျော်ပေးစေလိုသည်ဟု ဆိုင်ခန်းရှင်များက ပြောသည်။

" ဆိုင်ခန်းကို ၁၇ နှစ်ကျော် ကျနော်တို့ ငှားလာတယ် ဒါပေမယ့် အခုလို နှစ်ပတ်နဲ့ရွှေ့ပေးရမယ်ဆိုတော့ ကျနော်တို့မှာ အခက်အခဲရှိတယ်" ဟု ဆိုင်ခန်းငှားရမ်း ဖွင့်လှစ်ထားသူ ဦးတင်မောင်ထွေးကဆိုသည်။ ဦးတင်မောင်ထွေး၏ဆိုင်ခန်းမှ ပစ္စည်းများ ရွှေ့ပြောင်းပြီး ဖြစ်သော်လည်း အခန်းကို ပြန်လည်မလွှဲပြောင်းသေးဘဲ ထားသည်။

ရန်ကုန်မြို့ လှည်းတန်းလမ်းဆုံရှိ ပြည်မြန်မာကုန်တိုက်တွင် စာစီစာရိုက်လုပ်ငန်း၊ ဓာတ်ပုံလုပ်ငန်း၊ အလှကုန်ပစ္စည်းလုပ်ငန်းအဝတ်အထည်လုပ်ငန်း စသည်တို့ကို လုပ်ကိုင်ခဲ့ပြီး ယခုအခါ ဆိုင်ခန်းငှားသူများမှ ဆိုင်ခန်းပေါင်း ၆၀ ကျော်ကို ပိတ်ပစ်ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာမှ လေလံတင်ရောင်းချခဲ့သည့် ယင်းအဆောက်အဦးကို MMRDCo.Ltdကုမ္ပဏီပိုင်ရှင် ဦးမိုးကျော်နှင့် AA Medical Product Co.Ltd ကုမ္ပဏီပိုင်ရှင် ဦးဇော်မိုးခိုင်တို့မှ ကျပ်သိန်းပေါင်း လေးသောင်းတထောင်ဖြင့် လေလံအောင်ခဲ့ခြင်း ဖြစ်သည်။

ဆိုင်ခန်းငှားသူများမှ ဆိုင်ခန်းပြောင်းရွှေ့ရန် လောက်ငသည့် အချိန်မရခြင်း၊ ဆိုင်ခန်းအသစ်များ ရှာရန်ခက်ခဲခြင်းစသည့် အခက်အခဲများ ဖြေရှင်းပေးရန် နိုင်ငံတော်သမ္မတရုံး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနများသို့ ၈ ကြိမ် အသနားခံစာ ပေးခဲ့သည်ဟုလည်း ဆိုင်ခန်းကိုယ်စားလှယ် ယာယီကော်မတီဝင်များက ပြောသည်။

ပြည်မြန်မာကုန်တိုက်ကိစ္စနှင့် ပတ်သက်၍ ပြည်တွင်းသတင်းဂျာနယ် ၃၅ စောင်ခန့် လာရောက် မေးမြန်းစုံစမ်းမှုများ ရှိသော်လည်း သတင်းဖော်ပြပါရှိသည်ကို မတွေ့ရ၍ ပြည်ပမီဒီယာများတွင် သတင်းဖော်ပြရန် ကြိုးစားခဲ့ခြင်းဖြစ်သည်ဟု ဆိုင်ခန်းငှားသူများက မဇ္ဈိမကို ပြောသည်။

ထိုသတင်းနှင့်ပတ်သက်၍ မြန်မာသမာဓိဂျာနယ်တွင်လွန်ခဲ့သည့်အပတ်က ဖော်ပြခဲ့သော်လည်း ထိုဂျာနယ်နှင့် သတင်းထောက်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သတိပေးတားမြစ်မှု ပြုလုပ်ခဲ့သည်ဟု ပြည်တွင်းသတင်းထောက်အချို့ဖွဲ့စည်းထားသော မြစ်မခ မီဒီယာ၏ Face Book တွင် ပါရှိသည်။

စီးပွားကူးသန်းဝန်ကြီးဌာန ရန်ပုံငွေအတွက် ဆိုင်ခန်းဖွင့်လှစ်နိုင်အောင် ခွင့်ပြုပြီး ငှားရမ်းခဲ့ခြင်းကို အစောပိုင်းက စာချုပ်ဖြင့် ချုပ်ဆိုခဲ့သော်လည်း ၂၀၀၇ ခုနှစ် နောက်ပိုင်းတွင် စာချုပ်မချုပ်ဘဲ "နားလည်မှု" ဖြင့်သာ ဆက်လက် ငှားရမ်းခဲ့သည်။

၁၉၉၆ ခုနှစ်မှစ၍ဆိုင်ခန်းငှားရမ်းမှုစတင်ခဲ့ပြီးဝန်ကြီးဌာနအနေဖြင့် လစဉ်ဝင်ငွေ ကျပ်သိန်း ၅၀ အထက် ရရှိခဲ့သည်ဟု ဆိုင်ခန်းရှင်များ၏ ယာယီကော်မတီက မဇ္ဈိမသို့ ပေးပို့သောစာတွင် ပါရှိသည်။

" ၁၆ နှစ်ကြာ စီးပွားရေး ရပ်တည်စေခဲ့သော နေရာမှ ၁၄ ရက်သာ အချိန်ပေးပြီး မောင်းထုတ်ခဲ့သည်မှာ လွန်စွာ အရုပ်ဆိုးလှပါသည်" ဟုလည်း စာတွင် ပါရှိသည်။

## မုံရွာမြို့ပေါ် အစိုးရဆန့်ကျင်ရေး စာရွက်ဖြန့်ဝေ

**RFA | ဂျူလိုင် ၁၅ ။** ။ မုံရွာမြို့ပေါ်က လူစည်ကားရာ နေရာ ၇ နေရာလောက်မှာ ကျောင်းသားလူငယ်လို့ နံမည်တပ်ထားတဲ့အဖွဲ့တွေက လာမည့်ရက်ပိုင်းမှာ ဆန္ဒပြရေးအပါအဝင် တောင်းဆိုချက် သုံးရပ် ပါဝင်တဲ့ နှိုးဆော်စာတွေကို ဒီကနေ့မနက် ၅ နာရီလောက်မှာ ဖြန့်ဝေခဲ့တယ်လို့ သိရပါတယ်။

ဒီစာဖြန့်ဝေတာကို တွေ့ခဲ့ရတဲ့ဒေသခံ လူငယ်တဦးက-

"ဒီကနေ့ မနက် ၅ နာရီလောက်မှာ မုံရွာမှာ ရွှေစည်းခုံဘုရား၊ စိုက်ပျိုးရေးဝင်း လုံထိန်းတွေရှိတဲ့နေရာ၊ စံလာဝီကမ်းနား၊ ဒေါနပြင်ရပ်ကွက်၊ အထက ကျောင်းတွေ အားလုံး ၇ နေရာလောက် ရှိတယ်။ စာတွေဖြန့်တာဗျ။ ကျောင်းသားလူငယ်လို့ရေးထားတယ်ဗျ။ စာတွေကတော့ အမျိုးမျိုးရေးထားတာပေါ့။ ၁၈၊ ၁၉ မှာဆန္ဒပြကြမယ်။

ပြည်တွင်းစစ်ရပ်စဲရေး၊ တွေ့ဆုံဆွေးနွေးရေး၊ ဖမ်းဆီးကျောင်းသားများ ပြန်လွှတ်ရေး၊ ဒို့ အရေး ဆိုပြီး စာရွက်တွေမှာရေးထားတယ်။ ကျွန်တော်တို့ ကောက်တယ်ဗျ။ ဖတ်တယ်ဗျ။ အချင်းချင်း အပြန်အလှန်ဖြန့်ဝေတာတွေလည်း လုပ်တယ်ဗျ။ စည်ပင်ကတော့ အဲဒီစာတွေကို ကားနဲ့ပတ်ပြီး လိုက်သိမ်းတာတွေ ကျွန်တော်တွေ့ခဲ့ရတယ်" လို့ ပြောပါတယ်။

စာပါအကြောင်းအရာတွေကို ပြည်သူလူထုက စိတ်ဝင်စားကြကြောင်း ဖြန့်ကျဲနေတဲ့စာတွေကို စည်ပင်သာယာက လိုက်လံ သိမ်းဆည်းခဲ့ပေမဲ့ တစုံတရာ အရေးယူတာမရှိကြောင်း အဲဒီ ဒေသခံက ပြောပါတယ်။

# မြန်မာအလုပ်သမား ၄ ထောင်ကျော် ကိုရီးယားနိုင်ငံသို့ စေလွှတ်မည်

**Irrawaddy | ဂျူလိုင် ၁၄ ။** ။ အလုပ်သမား ဝန်ကြီးဌာနက ယခုနှစ်တွင် မြန်မာအလုပ်သမား ၄၁၀၉ ဦးကိုR EPS (Employment Permit System) စနစ်ဖြင့် တောင်ကိုရီးယားနိုင်ငံသို့ စေလွှတ်မည် ဖြစ်ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ်ရှိ အစိုးရ ပြည်ပအလုပ်အကိုင် အေဂျင်စီမှ အရာရှိတဦးက "၄၁၀၉ ဦးဆိုတာက ကိုရီးယားအစိုးရက ရန်ကုန်မှာစစ်ဆေးတဲ့ ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ(Korera Language Test) အောင်ထားပြီးသားသူတွေပါ။ ကိုရီးယားအလုပ်ရှင်တွေဆီကို အလုပ်သမားတွေရဲ့ ကိုယ်ရေးအကျဉ်းတွေပို့ပြီး အလုပ်ရှင်ကြိုက်လို့ခေါ်တာနဲ့ ချက်ချင်း ကိုရီးယားသွားလို့ရအောင် စီစဉ်ပေးသွားမယ်" ဟု ဧရာဝတီသို့ ပြောသည်။

တောင်ကိုးရီးယားအစိုးရနှင့် မြန်မာအစိုးရအကြား ၂၀၀၈ ခုနှစ်က ချုပ်ဆိုခဲ့သော နားလည်မှု စာချွန်လွှာအရ နိုင်ငံခြားသားအလုပ်သမား ခေါ်ယူမှု စနစ် (EPS) ဖြင့် စေလွှတ်ရန် သဘောတူ ညီခဲ့သည်။

မူလတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရွှေအင်းဝ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီက အလုပ်သမားဝန်ကြီးဌာန ကိုယ်စား မြန်မာအလုပ်သမားများ စေလွှတ်ခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ သို့သော် ရွှေအင်းဝကုမ္ပဏီနှင့် ကိုရီးယား အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဌာန (Korea Human Resources Development)နှင့် ပြဿနာများဖြစ်ပွားပြီးနောက် မြန်မာအလုပ်သမား ပို့ဆောင်မှုရပ်ဆိုင်းခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် အလုပ်သမားဝန်ကြီးဌာနက အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီဆိုသော အမည်ဖြင့် ထူထောင်ကာ မြန်မာအလုပ်သမားများကို တောင်ကိုရီးယားစေလွှတ်ရန် ဆက်လက်ဆောင်ရွက်ခဲ့သည်။

အစိုးရ ပြည်ပအလုပ်အကိုင် အေဂျင်စီမှ တာဝန်ရှိသူတဦးက "အလုပ်တွေက စက်မှုကုန်ထုတ်လုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံ၊ စိုက်ပျိုးရေး၊ မျိုးစုံပဲ။ ၂ နှစ်စာချုပ်နဲ့ သွားအလုပ်လုပ်ရမယ်။ ၂ နှစ်ဆိုပေမယ့် ၁ နှစ်ပြည့်ပြီးရင် ပြန်ချင်ရင်ပြန်၊ မပြန်ချင်ရင်လည်း ဆက်ပြီး ကိုရီးယားမှာ အလုပ်လို့ရတယ်" ဟု ပြောသည်။

တောင်ကိုရီးယားသို့သွားရောက်မည့် မြန်မာအလုပ်သမားတိုင်းသည် မသွားရောက်မီ သိန်း ၃၀ တန်ဖိုးရှိ အာမခံစာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး ကိုရီးယားရောက်ရှိချိန် လုပ်ငန်းခွင်မှ ထွက်ပြေးပြီး တရားမဝင် အလုပ်သမားဘဝဖြင့် တခြားအလုပ်များသို့ ပြောင်းရွှေ့လုပ်ကိုင်လျှင်လည်းကောင်း၊ အလုပ်စာချုပ်သက်တမ်းမပြည့်မီ မြန်မာနိုင်ငံပြန်လာလျှင်သော်လည်းကောင်းမြန်မာအလုပ်သမားဝန်ကြီးဌာနသို့လျော်ကြေးပေးရမည်ဟု ပြည်တွင်းသတင်းမီဒီယာများတွင် ဖော်ပြချက်အရ သိရှိရသည်။

အလုပ်သမားတဦးလျှင် ကိုရီးယားနိုင်ငံသို့ သွားရောက်ရေးဝန်ဆောင်ခအဖြစ် အလုပ်သမားဝန်ကြီးဌာနသို့ ကျပ် ၈ သိန်း ပေးဆောင်ရမည်ဖြစ်ပြီး ရရှိလာသော ဝင်ငွေခွန်ကိုလည်း မြန်မာအစိုးရသို့ တရားဝင် ပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်တွင်းတွင် ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် လူငယ်အများအပြား စိတ်ဝင်စားကြကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများက ပြောသည်။

ရန်ကုန်မြို့ရှိ ပြည်ပအလုပ်အကိုင် အေဂျင်စီပိုင်ရှင်တဦးက "မလေးရှားလည်း ခေတ်မကောင်း၊ စင်ကာပူလည်းမကောင်း၊ ထိုင်းကလည်း တွက်ခြေမကိုက်ဘူး။ စင်ကာပူ သွားမယ်ဆိုရင် အနည်းဆုံး သိန်း ၂၀ တော့ ကုန်တယ်။ အဲဒီတော့ ဝန်ဆောင်ခ သက်သက်သာသာနဲ့ ကိုရီးယားနဲ့ မြန်မာအစိုးရလုပ်တဲ့ EPS ကိုရီးယားအလုပ်အကိုင်ကိုပဲ လူငယ်တွေ စိတ်ဝင်စားကြတယ်။ အလုပ်သမားတယောက်မှ ၈ သိန်းပဲကုန်မှာဆိုတော့ အားလုံးလက်လှမ်းမီတယ်။ လူငယ်တွေက အခုကိုရီးယားကားကြည့်၊ ကိုရီးယားစကားပြောကျင့်ပြီး ကိုရီးယားအလုပ်လုပ်သွားဖို့ပဲ စိတ်သန်နေတယ်" ဟု ပြောသည်

---

# ကျောင်းလှေနစ်မြုပ် ကလေးများသေဆုံး

**RFA | ဂျူလိုင် ၁၃ ။** ။ ဇူလိုင် (၁၁) ရက် တနင်္လာနေ့ နေ့လယ်ပိုင်းက ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြာအင်းကျေးရွာ မူလတန်းလွန်ကျောင်းကနေ ရွာအပြန်လမ်းမှာ စက်လှေ နစ်မြုပ်ခဲ့တာပါ။

ကြည့်စုကျုံးဖျား ကျေးရွာအုပ်စု ချောင်းဖျားရွာကနေ တဖက်ကမ်းကြာအင်း ကျေးရွာ မူလတန်း လွန်ကျောင်းကို ကျောင်းသွားတက်ပြီး အပြန် ချောင်းဖျား ကျေးရွာက ကျောင်းသားကလေးငယ် (၂၃) ဦးကို တင်ဆောင်လာတဲ့ ကျောင်းအကြို အပို့ စက်လှေဟာ ကြည့်စုချောင်းအတွင်း နစ်မြုပ်ခဲ့တာလို့ ဘိုကလေး ဒေသခံတဦးက အာအက်ဖ်အေကို ပြောပါတယ်။

"အတန်းဆင်းလို့ ကျောင်းအကြိုအပို့လုပ်တဲ့ ဖယ်ရီစက်လှေနဲ့ ပြန်လာတာ ဖယ်ရီစက်လှေနဲ့ ပြန်လာတော့ ၁၂ နာရီခွဲလောက်မှာ ကြည့်စုချောင်းထဲမှာပဲ နစ်သွားတာပါ၊ စက်လှေက ကျောင်းသားတွေ ဦးမှာစိုက်နေတဲ့အခါ စက်က တင်မောင်းလိုက်တဲ့အခါ ထိုးပြီးနစ်သွားတယ်လို့ ကြားပါတယ်၊ အဲဒီမှာ ကျောင်းသား (၅) ယောက်သေသွားတယ်။"

အားလုံးပေါင်း (၂၃) ယောက်ပါလာတာ ကျောင်းသား (၁၈) ယောက်က အသက်ရှင်တယ်။ သေသွားတဲ့အထဲမှာ မိန်းကလေး (၄) ဦးနဲ့ ယောကျ်ားလေး (၁) ဦး။ ကလေးတွေ မူလတန်း ကျောင်းသားတွေဆိုတော့ အသက် (၆)နှစ် (၇)နှစ်က နေပြီးတော့ (၁၀) နှစ် ပတ်ဝန်းကျင်ပေါ့ အဲလောက်တွေပဲ။

" စက်လှေနစ်မြုပ်ခဲ့လို့ သေဆုံးသွားခဲ့တဲ့ ကလေးငယ် (၅)ဦး စလုံးရဲ့ ရုပ်အလောင်းတွေကို စက်လှေနစ်မြုပ်အပြီး (၂) နာရီ (၃) နာရီအတွင်းမှာ ရှာဖွေရရှိခဲ့တယ်လို့ သိရပါတယ်။ ချောင်းဖျားကျေးရွာက အသက် (၆၀) အရွယ် စက်လှေမောင်းသမားကို မြို့နယ်အာဏာပိုင်တွေနဲ့ သက်ဆိုင်ရာရဲစခန်းက လာရောက်ဖမ်းဆီးသွားခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

# ရှမ်းတပ်ကို ဦးသိန်းစိန်စစ်တပ်က တိုက်လေယာဉ်များနှင့် ဗုံးကြဲတိုက်ခိုက်

**Mizzima | ဇူလိုင် ၁၃ ။** ။ မြန်မာအစိုးရတပ်က ရှမ်းပြည်တပ်မတော် မြောက်ပိုင်းနှင့် တောင်ပိုင်း ပူးပေါင်းတပ်ဖွဲ့ဝင်များအား ဗုဒ္ဓဟူးနေ့တွင် စစ်လေယာဉ်နှစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ရှမ်းပြည်တပ်မတော် တောင်ပိုင်း SSA-S ပြောခွင့်ရ ဗိုလ်မှူးစိုင်းလောင်ဆိုင်းက ပြောသည်။

"ဝမ်ဆိုင်းတောင်မှာ စစ်အစိုးရတပ်တွေကို ကျနော်တို့ SSA တပ်တွေက ဝိုင်းပြီး ပိတ်ဆို့ထားတဲ့အတွက်ကြောင့် ဝေဟင်ကနေ MiG 26 လို့ ယူဆလို့တဲ့ လေယာဉ် ၂ စီးနဲ့ ကျနော်တို့ SSA တွေကို လာပြီးတော့ ဗုံး ၈၊ ၉ လုံးလောက် ကြဲသွားတယ်လို့ ရှေ့တန်းတပ်တွေက အဲဒီလို အစီရင်ခံထားပါတယ်" ဟု ဗိုလ်မှူးစိုင်းလောင်ဆိုင်းက မဇ္ဈိမကို ပြောသည်။

ရှမ်းပြည်အရှေ့မြောက်ပိုင်း မိုင်းရယ်မြို့နယ်အတွင်း ဝမ်ကိုင်ဖ ရွာအနီးရှိ ဝမ်ဆိုင်းတောင်တွင် တပ်စွဲထားသည့် အစိုးရတပ်များကို SSA ပူးပေါင်းတပ်များက ဝိုင်းဝန်းပိတ်ဆို့ထားစဉ် မွန်းလွဲ ၁ နာရီကျော်တွင် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ရှမ်းတပ်မှ တပ်သား နှစ်ဦး ဒဏ်ရာရသွားခဲ့ပြီး စစ်လေယာဉ် ၂ စင်းက တပြိုင်နက်တည်း ပျံဝဲကာ ဗုံးကြဲခဲ့ခြင်းဖြစ်သည်ဟု ဗိုလ်မှူးလောင်ဆိုင်းကပြောသည်။

"တော်တော်လေး ပြင်းထန်ပါတယ်လို့ ပြောပါတယ်။ သစ်ပင်တွေ ကတော့ ပြိုလဲကုန်တယ်။ တပြိုင်တည်း ၂ စင်းလာတာ" ဟုသူက ဆိုသည်။ သို့သော် မဇ္ဈိမအနေဖြင့် သီးခြားအတည်ပြုချက်ရယူနိုင်ခြင်း မရှိသေးပါ။

ရှမ်းပြည်တပ်မတော်တွင် တောင်ပိုင်း၊ မြောက်ပိုင်းဟူ၍ မရှိတော့ဘဲ တပေါင်းတည်း ဖြစ်သွားပြီဖြစ်ကြောင်း ၂၀၁၁ မေ ၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် ၅၃ နှစ်မြောက် ရှမ်းပြည်တော်လှန်ရေးနေ့ အထိမ်းအမှတ်ပွဲ၌ SSA-S ၏ အကြီးအကဲ ဒုဗိုလ်ချုပ်ကြီး စဝ်ရွက်စစ်က မီဒီယာများကို ပြောဆိုခဲ့သည်။

သို့သော် ပူးပေါင်းလိုက်သော ရှမ်းပြည်တပ်မတော်၏ ခေါင်းဆောင်မှုဖွဲ့စည်းပုံသစ်ကို မထုတ်ပြန်ခဲ့သလို အင်္ဂါနေ့က ပြုလုပ်သော မဇ္ဈိမနှင့် အင်တာဗျူးတွင် ဗိုလ်မှူးစိုင်းလောင်ဆိုင်းက ပေါင်းစည်းရန် သဘောတူညီချက်ရရှိထားသော်လည်း ဆွေးနွေးမှု ဆက်လုပ်နေဆဲဖြစ်သည်ဟု ပြောသည်။

"မူအရတော့ ပေါင်းစည်းဖို့ သဘောတူညီချက်တွေ ရသွားပြီ။ ဘယ်ပုံဘယ်နည်းနဲ့ ပေါင်းစည်းကြမလည်းဆိုတဲ့ ပေါင်းစည်းပုံ ပေါင်းစည်းနည်းကို ဆက်လက်ဆွေးနွေးနေတုန်းဖြစ်ပါတယ်။ သဘောတူညီချက်တွေ၊ အမြင်ချင်းတူညီတာတွေ သဘောထားတူညီတာတွေရထားပြီးပြီ။ လက်နက်ကိုင်တပ်တွေရော နိုင်ငံရေးအပိုင်းမှာလည်း သက်ဆိုင်တာကိုး။ နိုင်ငံရေးအပိုင်းမှာ ဘယ်လိုစုပေါင်းကြမလည်း။ လက်နက်ကိုင်တပ်မှာ ဘယ်လိုပေါင်းစည်းကြမလည်း။ နယ်မြေခွဲဝေမှုတွေ၊ လှုပ်ရှားဖို့အတွက် ဘယ်လိုသွားကြမလည်းဆိုတဲ့ အသေးစိတ်တွေ ဆက်လက်ဆွေးနွေးနေတုန်းဖြစ်ပါတယ်" ဟု ဗိုလ်မှူးစိုင်းလောင်ဆိုင်းက ပြောသည်။

ဇူလိုင် ၁၁ ရက်နေ့ကစ၍ ဖြစ်ပွားနေခဲ့သော SSA-N ဌာနချုပ်ရှိရာ ဝမ်ဟိုင်းအနီးရှိ ဝမ်လုတိုက်ပွဲတွင် ရှမ်းတပ်က ပြန်လည်အသာစီးရချိန်တွင် အစိုးရတပ်က ဗုံးကြဲတိုက်ခိုင်းခြင်းဖြစ်သည်ဟုဆိုသည်။ တိုက်ပွဲတွင် အစိုးရတပ်ဘက်မှ တပ်သားတဦးကို အရှင်ဖမ်းမိထားကြောင်း ဗိုလ်မှူးစိုင်းလောင်ဆိုင်းက ပြောသည်။

ဝမ်ဟိုင်းဌာနချုပ်မှာ ရှမ်းပြည်နယ် မိုင်းရယ်နှင့် ချေးတီးမြို့ကြားတွင်တည်ရှိကာ ယခုတိုက်ပွဲနေရာသည် ချေးတီးမြို့ အရှေ့မြောက်ဘက် မိုင် ၂၀ ကျော်တွင်တည်ရှိသည်။ ရှမ်းပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့်သတင်းများကို အနီးကပ်စောင့်ကြည့်တင်ပြနေသည့် ထိုင်းနိုင်ငံအခြေစိုက် ရှမ်းသံတော်ဆင့်သတင်းဌာန အယ်ဒီတာဦးစိန်ကြည်က ဗုံးကြဲတိုက်ခိုက်မှုကို အတည်မပြုနိုင်သေးကြောင်းနှင့်လေယာဉ်များလာရောက်ခဲ့သည်မှာ မှန်ကန်ကြောင်း ပြောသည်။

"အတည်မပြုနိုင်သေးဘူး။ သိထားတာကတော့ ဗုံးကြဲတာက မကြဲသေးဘူး။ ဒါပေမဲ့ ဂျက်တိုက်လေယာဉ်ပဲလို့ ပြောတယ်။ တစီးပဲ၊ ၃ ခါလာဝဲပြီးပြီတဲ့။ ၂ နာရီကျော်၊ ၃ နာရီကျော်၊ ၄ နာရီကျော်။ သုံးခါလာဝဲပြီးပြီ" ဟု သူက ဆိုသည်။ အစိုးရတပ်ဘက်မှ အင်အားများ ဆက်လက်ဖြည့်တင်းနေသည်ဟု ဦးစိန်ကြည်က ဆက်ပြောသည်။

---

## ကျောင်းသုံးပစ္စည်း ကျပ်ငွေ သိန်း ၁၀၀ ကျော်လှူဒါန်း

**RFA | ဇူလိုင် ၁၅ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပညာဒါန လုပ်ငန်းတွေကို ကူညီပံ့ပိုးတဲ့အနေနဲ့ ပြည်ပက စေတနာရှင်တွေပေးပို့လှူဒါန်းတဲ့ ကျောင်းသုံးပစ္စည်းတွေကို ရန်ကုန်တိုင်းနဲ့ဧရာဝတီတိုင်းက ပညာဒါနကျောင်းတွေကို မနေ့က လှူဒါန်းလိုက်ပြီလို့သိရပါတယ်။

ခန့်မှန်းခြေ ကျပ်ငွေ သိန်းတရာကျော်ဖိုးရှိတဲ့ ကျောင်းသုံးပစ္စည်းတွေကို လှူဒါန်းလိုက်တာဖြစ်ကြောင်း၊ ကွန်ပါဘူး တထောင်၊ ဘောပင် ၂ ထောင်၊ ဗလာစာအုပ် ဒါဇင် ၂ ထောင် လှူဒါန်းလာရာမှာ ရောက်ပြီး ၂ရက်အတွင်း ရန်ကုန်တိုင်းနဲ့ဧရာဝတီတိုင်းတို့က ဆင်းရဲနွမ်းပါးတဲ့ကလေးတွေကို ပညာသင်ကြားပေးနေတဲ့ ဘုန်းတော်ကြီးကျောင်း အပါအဝင် မူလတန်း အလယ်တန်း ကျောင်းပေါင်း ၁၃ ကျောင်းကို ကျောင်းသားဦးရေအလိုက် ခွဲတန်းချပြီး ဖြန့်ပေးလိုက်ပြီလို့ NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောပါတယ်။

စာရွက်အမျိုးအစားအလိုက် ဗလာစာအုပ် ဈေးအစားစားရှိ ပြီး တဒါဇင် ကျပ် ၄၀၀၀ ဝန်းကျင်လောက်ရှိတယ်လို့ ဆိုပါတယ်။ ကွန်ပါဘူး တဘူးဆိုရင်လည်း နှစ်ထောင်ကျော်ဝန်းကျင်ရှိပြီး ဘောပင် တချောင်း ကျပ် ၄၀၀ လောက် ရှိတယ်လို့ သိရပါတယ်။

ဒီလဆန်းပိုင်းမှာတင် ဘိုကလေးမြို့နယ် NLD ကဦးစီးပြီး ဧရာဝတီတိုင်း ဘိုကလေး မြို့နယ် ပေါင်းတည်ကျေးရွာအုပ်စု အောက်မိုးညိုကျေးရွာမှာ ပညာဒါန အခမဲ့မူလတန်းကျောင်းတကျောင်း ဖွင့်လှစ်ခဲ့ပါတယ်။

ဒီအတောအတွင်း ရန်ကုန်တိုင်း မြောက်ဥက္ကလာပ ၂ ရက်ကွက် မာဃလမ်းက ကျောင်းတာဝန်ခံ ဆရာဦးအေးမြင့်ရဲ့ခြံအ တွင်းမှာဆောက်လုပ်ထားတဲ့ အမေ့အိမ်ကျောင်းကို စည်ပင်နယ်မြေမှာ ဆောက်လုပ်ထားတယ်ဆိုပြီး အမြန်ဆုံးဖျက်ပေးဖို့ စည်ပင်သာယာက မနေ့ညနေပိုင်းမှာ အကြောင်းကြားစာပေးပို့ခဲ့တယ်လို့ ဆရာဦးအေးမြင့်ကပြောပါတယ်။

# ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မူဝါဒများ

**ခင်မမမျိုး**

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စီးပွားရေး တိုးတက်မှု (economic growth) ဟာလိုအပ်ချက်တရပ်ဆိုတာကို ဘောဂဗေဒ ပညာရှင်အများစုက လက်ခံထားကြပါတယ်။ သို့ပေမယ့် စီးပွားရေး တိုးတက်မှု ဖြစ်ထွန်းလာတာနဲ့ အညီ ဆင်းရဲနွမ်းပါးသူများရဲ့ဝင်ငွေတိုး တက်လာမှုလဲ ရှိနိုင်ဖို့ လိုအပ်ပါတယ်။ အချို့နိုင်ငံများမှာစီးပွားရေတိုး တက်မှုနှုန်း (economic growth rate) မြင့်တက်လာပေမယ့်ဆင်းရဲနွမ်းပါးသူများရဲ့ ဝင်ငွေတိုးတက်လာခြင်းမရှိပဲ၊ ချမ်းသာသူများရဲ့ဝင်ငွေကသာ တစထက်တစ ပိုမိုများပြားလာတတ်တာတွေ ရှိပါတယ်။ ဒီလို အခြေအနေတွေဖြစ်ပွားလာတဲ့အခါ စီးပွားရေးတိုးတက်မှုဟာဆင်းရဲနွမ်းပါးသူများအတွက်ဦးစားပေးသော တိုးတက်မှု (pro-poor growth) ဖြစ်လာဖို့အတွက် မူဝါဒရေးရာပြင်ဆင်ညှိနှိုင်းမှုတွေ ပြုလုပ်ဖို့လိုအပ်ပါတယ်။

(၂၀၀၂) ခုနစ်မှာ ဘောဂဗေဒပညာရှင် David Dollar နဲ့ Aart Kraay တို့က "Growthis Good for the Poor" ဆိုတဲ့ သုတေသနစာတမ်းကို သုံးသပ်ရေးသားခဲ့ကြပါတယ်။ နိုင်ငံပေါင်း (၁၃၇)နိုင်ငံက ဆင်းရဲနွမ်းပါးသူများရဲ့ (၁၉၅၀) ခုနစ်မှ(၁၉၉၉) ခုနစ်အထိကာလအတွင်း ဝင်ငွေများ၊ တိုင်းပြည်ရဲ့ စီးပွားရေး တိုးတက်မှုနှုန်း၊ တဦးချင်းဝင်ငွေ စတာတွေအပေါ်မှာ အခြေခံပြီး လေ့လာသုံးသပ်ချက်အရ ပျမ်းမျှဝင်ငွေ (average income) မြင့်တက်လာရေးကို လုပ်ဆောင်တဲ့ မူဝါဒတွေဟာ အောင်မြင်သော ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ မဟာဗျူဟာများရဲ့ အသက်သွေးကြောဖြစ်ကြောင်း တွေ့ရှိခဲ့ကြပါတယ်။ ဒီမူဝါဒတွေထဲမှာ စီးပွားရေးတိုးတက်မှုကို ဦးတည်သောမူဝါဒများ (growth-oriented policies) များအပြင်၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့မူဝါဒများပါဝင်ပါတယ်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒတွေနဲ့ ပတ်သက်ပြီး ကမ္ဘာ့ဘဏ် က ကဏ္ဍ (၃) ရပ်ခွဲခြားဖော်ပြထားပါတယ်။ ပထမကဏ္ဍကတော့ အခွင့်အလမ်းများ(opportunities)ဆိုင်ရာမူဝါဒတွေဖြစ်ပါတယ်။ဆင်းရဲနွမ်းပါးမှုသံသရာက ရုန်းထွက်နိုင်ဖို့အတွက်ဆင်းရဲနွမ်းပါးသူတွေဆီမှာ ရုပ်ဝတ္ထုဆိုင်ရာ အခွင့်အလမ်းများ (material opportunities) ဖြစ်တဲ့ အလုပ်အကိုင်အခွင့်အလမ်း၊ အကြွေးရယူသုံးစွဲ နိုင်မှုအခွင့်အလမ်း၊ ထုတ်ကုန်များ ရောင်းချရန်ဈေးကွက် အခွင့်အလမ်း၊ ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးအခွင့်အလမ်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှု အခွင့်အလမ်း စတာတွေအပြင် ပညာသင်ကြားနိုင်မှု အခွင့်အလမ်း၊ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်း၊ သန့်ရှင်းသောရေ ရရှိသုံးစွဲနိုင်မှု အခွင့်အလမ်း စတာတွေ ရှိဖို့လိုအပ်ပါတယ်။

အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် စီးပွားရေးတိုးတက်မှုလိုအပ်ပြီး၊ စီးပွားရေးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံဖို့လိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုရာမှာ လူတဦးချင်းဖြစ်စေ ၊စီးပွားရေးလုပ်ငန်းအလိုက်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းစုကြီးများအနေ ဖြင့်ဖြစ်စေ ပရိုက်ဗိတ်ရင်းနှီးမြှုပ်နှံမှု (private investment) အားကောင်းဖို့လိုအပ်ပါတယ်။သို့မှသာ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာပြီး၊ labourincome တက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် ပရိုက်ဗိတ် ရင်းနှီးမြှုပ်နှံမှုအားကောင်းလာဖို့အတွက်တိုင်းပြည်မှာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် (good governance)၊ တည်ငြိမ်သောရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများ (stable investment rules) နဲ့ ကောင်းမွန်အသုံးကျသော ဘဏ္ဍာရေးစနစ် (sound financial system) တွေ ရှိဖို့လိုအပ်ပါတယ်။ ဒီလိုအခြေအနေတွေရှိလာဖို့ အတွက်က အစိုးရအုပ်ချုပ်ရေးကောင်းမွန်မှု၊ ညှိဖျင်းမှုအပေါ်မှာ မူတည်ပါတယ်။

နိုင်ငံတော်ဟာပရိုက်ဗိတ်ရင်းနှီးမြှုပ်နှံမှုကိုအားကောင်းစေမယ့် အခြေအနေတွေဖော်ဆောင်ပေးဖို့တာဝန်ရှိသလို၊ public investment ပြုလုပ်ဖို့အတွက်လဲတာဝန်ရှိပါတယ်။ Public investment လုပ်ရမယ့် ကဏ္ဍတွေကတော့ လမ်းပန်းဆက်သွယ်ရေတိုးတက် ကောင်းမွန်ရေး၊ စာတိုက်၊ ကြေးနန်းနှင့် အင်တာနက်ဆက်သွယ်ရေးတိုးမြှင့်ရေး၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စတာတွေပဲဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတကရေးဆိုတာကိုအသိဉာဏ်ပညာထက်ကျောင်းအရေအတွက်တိုးတက်ရေး၊ ဘွဲ့ရသူ အရေအတွက်များပြားရေးစတဲ့အရေအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်လေ့ရှိပါတယ်။ အရေအတွက်သာမက အရည်အချင်းတိုးတက်မြင့်မားရေးကိုပါ ဦးတည် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ဆင်းရဲနွမ်းပါးသူများရဲ့ အခွင့်အလမ်းများ တိုးတက်လာရေးအတွက် ဆင်းရဲနွမ်းပါးသော မိသားစုများမှ ပေါက်ဖွားလာသော ကလေးများ ပညာသင်ဆုများရရှိရေး၊ ဆင်းရဲနွမ်းပါးသူများ အခမဲ့ ကျန်းမာရေးစောင့်ရှောက်ခွင့် ရရှိရေး၊ လူမှုအခြေပြု တန်းတူညီမျှခြင်း မရှိသည့် အတွေးအခေါ်များကို ဖယ်ရှားရေး၊ ပြည်သူ့ဝန်ဆောင်မှုများတွင်လူမျိုးရေး ခွဲခြားဆက်ဆံမှုများကို ဖယ်ရှားရေး စတာတွေကို ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ လူမျိုးရေးခွဲခြားဆက်ဆံမှုကြောင့် လူမျိုးရေးဆိုင်ရာပဋိပက္ခတွေကနေ ပြည်တွင်းစစ်ကို ဖြစ်ပွားသွားစေတတ်ပြီး၊ ပြည်တွင်းစစ်ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေတဲ့ အတွက် တိုင်းပြည်တွင်းမှာ လူမျိုးရေး ခွဲခြားဆက်ဆံမှုတွေမရှိအောင် ကြိုးပမ်းဖို့အရေးကြီးပါတယ်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ပတ်သက်ပြီး ကမ္ဘာ့ဘဏ်က ချမှတ်ထားတဲ့ ဒုတိယကဏ္ဍကတော့ empowerment ဖြစ်ပါတယ်။ လူမှုရေးအတားအဆီးများနဲ့ အင်စတီကျူးရှင်းဆိုင်ရာ အတားအဆီးများကြောင့် မူဝါဒချမှတ်ရေးဖြစ်စဉ် (policy making process) မှာ ဆင်းရဲနွမ်းပါးသူတွေကို ကိုယ်စားပြုမှု အားနည်းချက်တွေရှိတတ်ပါတယ်။ empowerment ဆိုတာမှာ သတင်းအချက်အလက်များကို သိရှိရယူနိုင်ခြင်း (access to information)၊ inclusion and particip ation ၊ တာဝန်ခံမှု (accountability) နဲ့ နယ်မြေဒေသအလိုက် ဖွဲ့စည်းတည်ထောင်မှုစွမ်းရည် (local organizational capacity)စတဲ့ အချက်အလက် လေးမျိုးပါဝင်ပါတယ်။

**စာမျက်နှာ ၁၈ သို့**

# မြစ်ဆုံရေကာတာကို ဆက်လက် အကောင်အထည်ဖော် တည်ဆောက်

**RFA । ဂျူလိုင် ၁၄ ။ ။** ဧရာဝတီမြစ်ဆုံ ရေကာတာစီမံကိန်းကို အကောင်အထည်မဖော်ဖို့ ပညာရှင်တွေ တားမြစ်တဲ့ကြားက တရုတ်အစိုးရပိုင်ကုမ္ပဏီနဲ့ မြန်မာအစိုးရနဲ့ နီးစပ်တဲ့ အေရှားဝေါလ်ကုမ္ပဏီတို့ က ရှေ့ဆက် ဆောင်ရွက်နေတယ်လို့ Burma Rivers Network မြန်မာမြစ်များ ကွန်ယက်အဖွဲ့က ဒီနေ့ ပြောကြားလိုက်ပါတယ်။

ကချင်ပြည်နယ် မြို့တော်မြစ်ကြီးနား အထက်ဖက် ၂၅ မိုင်အကွာတွင် တည်ဆောက်နေသည့် မြစ်ဆုံရေကာတာ တည်နေရာပြမြေပုံကြည့်ပါက သိနိုင်သည်။ ထိုနေရာ အနီးမှာပင် တရုတ်နှင့် အိန္ဒိယသို့ ဖောက်လုပ်မည့် လီဒိုလမ်းအတွက် ဧရာဝတီ မြစ်ကူးတံတားအသစ်တခုတည်ဆောက်မည်။

စာမျက်နှာ ၉၄၀ ကျော်ပါ Environmental impact assessment ပတ်ဝန်းကျင်ထိခိုက်မှု သုံးသပ်ချက်မှာ ဧရာဝတီမြစ်ဆုံမှာ ဒီလိုရောမ ရေကာတာကြီး ဆောက်လုပ်ဖို့ မလိုအပ်ဘူးလို့ ဖော်ပြထားပါတယ်။

Environmental impact assessment EIA ဆိုတဲ့ မဲခေါင်မြစ်ဝှမ်းဒေသမှာ ဆည်တွေမဆောက်လုပ်ခင် ကြိုတင် တိုင်းတာဆန်းစစ်ချက်မှာ ရေကာတာ တည်ဆောက်မှာကို ကန့်ကွက်တားမြစ်ထားပေမဲ့ ဆောက်လုပ်နေတယ်လို့ Burma Rivers Network အဖွဲ့က မအောနန်က ပြောပါတယ်။

"၂၀၀၉ ခုနှစ်ကထဲက ထုတ်ထားတဲ့ လေ့လာမှု EIA မှာမြန်မာပြည်သူလူထုတွေကို ပြရမယ်ဆိုပြီး ပညာရှင်တွေကပြောထားတယ်။ ဒါပေမဲ့ တရုတ်နဲ့ ဗမာအစိုးရတွေက ဖွက်ထားတယ်။ ဘယ်တုန်းကမှလည်း ပြည်သူလူထုဆီလည်း မရောက်ဘူး။"

ဒီလေ့လာချက်အတွက် ရေကာတာ ဆောက်လုပ်မည့် တရုတ်အစိုးရပိုင် CPI ကော်ပိုရေးရှင်းက ငွေကြေးအကုန်အကျခံပြီး မြန်မာနိုင်ငံက ဘန်ကာလို့ အတိုကောက် ခေါ်တဲ့ Biodiversity and Nature Conversation Association ဇီဝမျိုးစုံမျိုးကွဲနဲ့ သဘာဝထိန်းသိမ်းရေးအသင်းနဲ့ တရုတ်နိုင်ငံက CISPDR- Changjiang Instituite of surveying, planning, design and research – Changjiang စစ်တမ်း၊ စီမံကိန်း၊ ဒီဇိုင်းနဲ့ သုတေသနအဖွဲ့တို့က ပညာရှင် ၈၀ပါတဲ့ အဖွဲ့က ၂၀၀၉ ခုနှစ် ဇန်နဝါရီ ကနေ မေလအထိ ၅ လ ကြာ ကွင်းဆင်းစစ်ဆေးပြီး ရေကာတာမဆောက်လုပ်ဖို့ သတိပေးပြောကြားခဲ့တာပါ။

ဒီမတိုင်ခင်ကလည်း ဂျပန်နိုင်ငံက လေ့လာရေး အဖွဲ့တခုလာရောက် တိုင်းတာစစ်ဆေးဖူးပြီး မြစ်ဆုံမှာ ရေကာတာတည်ဆောက်ရင် သဘာဝပတ်ဝန်းကျင်လည်း ထိခိုက်၊ လူနေမှု ဘဝတွေလည်း ပျက်ပြားမှာမို့ ရေကာတာ လုပ်ဖို့လက်လျှော့သွားဖူးပါတယ်။

---

# အဖွဲ့ချုပ်ရပ်တည်ရေး ကုလသို့တင်မည်

**BBC । ဂျူလိုင် ၁၅ ။ ။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ပါတီဆက်လက်ရပ်တည်ရေးကိစ္စနဲ့ပတ်သက်ပြီး ဥပဒေကြောင်းအရ အရေးယူတောင်းဆိုဖို့ လာမယ့်သီတင်းပတ် သုံးပတ်တွင်း ကမ္ဘာ့ကုလသမဂ္ဂဆီ တင်ပြသွားမယ်လို့သိရပါတယ်။

လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေကို စုစည်းလို့ ကုလသမဂ္ဂကို တင်ပြမယ့်အထဲမှာ NLD ပါတီရဲ့ ဆက်လက်ရပ်တည်မှုအခွင့်အရေးနဲ့ ပတ်သက်ပြီးလည်း တင်ပြသွားမှာပါလို့ NLD ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်နဲ့ ပြောခွင့်ရပုဂ္ဂိုလ် ရှေ့နေဦးဉာဏ်ဝင်းက ဘီဘီစီကို ပြောပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနနဲ့ NLD ပါတီတို့ဟာ ဥပဒေကြောင်းအရ ပါတီဆက်လက်ရပ်တည်ခွင့်ရှိတယ် မရှိဘူးဆိုတာကို အပြန်အလှန်စာတွေရေးလို့ ပြောဆိုထားတာတွေလည်း ပြီးခဲ့တဲ့သီတင်းပတ်တွေအတွင်းမှာ ဖြစ်ခဲ့ပါတယ်။

NLD ပါတီဟာ ဆက်လက်ရပ်တည်နေကြောင်းကို ပြသတဲ့အနေနဲ့ လာမယ့် ဂျူလိုင် ၁၀ ရက်နေ့မှာကျရောက်မယ့် အာဇာနည်နေ့အခမ်းအနားကို NLD ရုံးချုပ်မှာ ကျင်းပသွားမယ်လို့လည်း ဦးဉာဏ်ဝင်းကပြောပါတယ်။

အလားတူ ပါတီတခုအဖြစ် ရှိနေဆဲဖြစ်လို့ နိုင်ငံရေးအခမ်းအနားတွေနဲ့ နိုင်ငံရေးလုပ်ဆောင်မှုတွေကို ဆက်လက်လုပ်ဆောင်သွားမယ်လို့လည်း သူက ဘီဘီစီကိုဆက်ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ ဖခင်ဖြစ်သူ လွတ်လပ်ရေးဖခင်ကြီး အာဇာနည် ဗိုလ်ချုပ်အောင်ဆန်းရဲ့ဂူဗိမာန်ကို လာမယ့် ဂျူလိုင် ၁၉ ရက်နေ့မှာသွားရောက်လို့ လွမ်းသူပန်းခွေချ၊ ပန်းခြင်းချတာတွေ ဆောင်ရွက်ဖို့ကိုလည်း စောစောပိုင်းကပြောဖူးတယ်လို့ ဦးဉာဏ်ဝင်းက ဘီဘီစီကို ပြောပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

နိုင်ငံတော်ရဲ့အင်စတီကျူးရှင်းအားလုံးဟာ ဆင်းရဲနွမ်းပါးသူများအပေါ် တာဝန်ခံမှုရှိဖို့လိုအပ်ပါတယ်။ တာဝန်ခံမှုရှိဖို့အတွက် ဆင်းရဲနွမ်းပါးသူတွေမှာ သတင်းအချက်အလက်တွေကို သိရှိနားလည်ဖို့လိုအပ်ပါတယ်။ ဒီလိုနားလည်သိရှိမှုလဲ မူဝါဒရေးရာချမှတ်အကောင်အထည်ဖော်မှုတွေမှာ တက်တက်ကြွကြွပူးပေါင်းပါဝင်လာ ကြမှာဖြစ်ပါတယ်။ ဒီလိုပူးပေါင်းပါဝင်လာကြခြင်းအားဖြင့် လူမှုအရင်းအနှီး(social capital) မြင့်တက်လာမှာဖြစ်ပါတယ်။ လူမှုအရင်းအနှီးမြင့် တက်လာတာနဲ့အမျှ လူမှုအင်စတီကျူးရှင်း အားကောင်းလာနိုင်ပါတယ်။ လူမှုအင်စတီကျူးရှင်း အားကောင်းမှုဟာ ဆင်းရဲနွမ်းပါးမှုအစီအစဉ်ဒီဇိုင်းများနဲ့အကောင်အထည်ဖော်ဆောင်မှုများ ပိုမိုထိရောက်မှုရှိစေတဲ့အတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အကူပြုလာပါတယ်။

သတင်းအချက်အလက်များ ရယူနိုင်မှု မြင့်မားလာရေးအတွက် စာနယ်ဇင်းနဲ့သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍ တိုးမြင့်လာဖို့လိုအပ်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့ချိန်မှာ လွတ်လပ်စွာသတင်းစာထုတ်ဝေမှု အားကောင်းတဲ့ နိုင်ငံတွေက ကယ်ဆယ်ရေးလုပ်ငန်းတွေဟာ ပိုပြီးထိရောက်မှုရှိကြောင်း ပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြပါတယ်။ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေဖို့အတွက် ဆုံးဖြတ်ချက်များချမှတ်မှုနဲ့အကောင်အထည်ဖော်ဆောင်ချက်တွေကို စောင့်ကြည့်လေ့လာမှုတွေမှာ ပွင့်လင်းမြင်သာပြီး၊ ပူးပေါင်းဆောင်ရွက်၍ရသော democratic mechanisms တွေရှိဖို့ လိုအပ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းရာသီ အယ်လ်နီညို တကျော့ပြန်လာနိုင်

**Mizzima | ဂျူလိုင် ၁၄ ။** ။ မြန်မာပြည်တွင် ၂၀၁၀ ခုနှစ်အတွင်းပူပြင်းခြောက်သွေ့ကာ ရေခန်းခြောက်မှုများ ဖြစ်ပေါ်စေခဲ့သည့် အယ်လ်နီညိုရာသီဥတု လာမည့်ဩဂုတ်လအတွင်း တကျော့ပြန်လာရန် ၅၀ ရာခိုင်နှုန်းကျော် ရှိနေကြောင်း မိုး/ဇလ ပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

အယ်လ်နီညို ရာသီဥတု စောင့်ကြည့်ရေး ကမ္ဘာ့မိုးလေဝသတိုင်းတာရေးစခန်း ၂၅ ခု တိုင်းထွာချက်များအရ မြန်မာပြည်အတွက် ကြိုတင်ခန့်မှန်းကာ ဩဂုတ်လတွင် အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်ရန် ၅၀ ရာခိုင်နှုန်းကျော်နှင့်နိုဝင်ဘာလတွင်မူ ၇၀ ရာခိုင်နှုန်းအထိပင် ရှိလာနိုင်သည်။ သို့သော် မည်မျှအတိုင်းအတာအထိ အားကောင်းခြင်း ရှိမရှိအပေါ်မူတည်သည်ဟု ဒေါက်တာထွန်းလွင်က ဆိုသည်။

"အယ်လ်နီညိုက အားကောင်းတဲ့ အယ်လ်နီညိုဖြစ်မှအယ်လ်နီညိုရာသီဥတု လာမည့်ဩဂုတ်လအတွင်း တကျော့ပြန်လာရန် ၅၀ ရာခိုင်နှုန်းကျော်ရှိနေကြောင်း ပြောသည့် မိုး/ဇလ ပညာရှင်ဒေါက်တာထွန်းလွင်က(Photo::http://www.tunlwin.com) သူ့ရဲ့ဂယက် က "ကျနော်တို့ဆီကို ရောက်တယ်။ ဘာလို့လဲဆိုတော့ သူဖြစ်ပေါ်ရာဒေသက အဝေးကြီးကိုဗျ။ အယ်လ်နီညိုရဲ့ ဖြစ်ပေါ်ရာက တောင်အမေရိကတိုက် အနောက်ဘက်ဒေသက ပီရူးအီကွေဒေါဗျ။ မြန်မာပြည်နဲ့အဝေးကြီးပဲ။ အားကောင်းတဲ့ အယ်လ်နီညိုမှ ကျနော်တို့ဘက်ကို အကျိုးသက်ရောက်မှု ရှိပါတယ်" ဟု သူက မဇ္ဈိမကို ပြောသည်။

အယ်လ်နီညို ရာသီဥတုမှာ မုတ်သုန်မိုးနည်းခြင်း၊ သာမန်ထက်အပူချိန်လွန်ကဲခြင်း၊ ရေခန်းခြောက်ခြင်းများ ဖြစ်ပေါ်နိုင်သည်။လာနီညာရာသီဥတုဖြစ်သည့် မိုးများခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းများ ဝင်ရောက်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အယ်လ်နီ ညိုရာသီဥတုဖြစ်ပေါ်မှုကို ပင်လယ်ပြင် ရေမျက်နှာပြင်ပေါ်ရှိ အပူချိန်မှ တဆင့်တိုင်းတာတွက်ချက်ရကာ ပုံမှန်ထက် ၀.၅ ဒီဂရီစင်တီဂရိတ် ပိုပါက အယ်လ်နီညို ဖြစ်ပေါ်လာနိုင်ပြီး ၀.၉ ဆိုပါက အားကောင်းသည့် အဆင့်သို့ ရောက်ရှိနိုင်သည်။

"မုတ်သုန်မှာ အများကြီးထိခိုက်တတ်ပါတယ်။ မုတ်သုန်မိုးတွေကို သေချာပေါက် လျော့နည်းသွားစေတဲ့အတွက် မုတ်သုန်အားမကောင်း ဘူးဆိုရင် ကျနော်တို့ တပြည်လုံးထိခိုက်တာပါပဲ။ မြန်မာပြည်အလယ်ပိုင်းမှာ ပိုထိခိုက်နိုင်တယ်လို့တော့ ကျနော် မပြောလိုဘူးပေါ့၊ အားလုံးပါပဲ။ မြန်မာပြည် အလယ်ပိုင်းဆိုတာကတော့ နည်းနည်းလေးမိုးလျော့လာရင်ကို ပြဿနာတက်တဲ့ဒေသပဲ။ အဲဒီတော့ အဲဒီဒေသတွေမှာ ပိုပြီးတော့ ထိခိုက်နိုင်တယ်လို့ ခပ်ဖျားပြောချင်ရင်လည်း ပြောလို့ရတာပေါ့" ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

မြန်မာနိုင်ငံတွင် လာနီညာ၊ အယ်လ်နီညိုကဲ့သို့သော ပြင်းထန်သည့်ရာသီဥတုသက်ရောက်မှုများမှာ ၁၉၇၈ ခုနှစ်နောက်ပိုင်းပိုဖြစ်လာသည်ဟုလည်း သူကဆိုသည်။ ၂၀၀၈ ခုနှစ် မေလဆန်း၌ တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် သစ်ပင်ပေါင်း သိန်းနဲ့ချီပြုန်းတီးခဲ့ပြီးနောက်ပိုင်း သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုပိုမိုဖြစ်ပေါ်လာက ၂၀၁၀ ခုနှစ်များတွင် ပူပြင်းခြောက်သွေ့သည့် အယ်လ်နီညိုဒဏ်ကို ဆိုးဝါးစွာခံစားခဲ့ရသည်။ အယ်လ်နီညိုရာသီဥတု ဖြစ်တည်မှု သက်တမ်းမှာ ၁ နှစ်ခန့်ဖြစ်ပြီး၊ မြန်မာပြည်တွင် ဖြစ်ပေါ်ပါကလည်း လူသေဆုံးမှုထိ ဖြစ်လာနိုင်သော်လည်း သက်ဆိုင်ရာ အစိုးရဌာနများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ လုပ်ထားသင့်ကြောင်း မိုး/ဇလပညာရှင်က ရှုမြင်သည်။

"မြန်မာပြည် အတိုင်းအတာနဲ့တော့ လူတွေဘာတွေမသေနိုင်လောက်ပါဘူး။ စိုက်ပျိုးရေးဆိုရင် စိုက်ပျိုးရေးပေါ့၊ ကျန်းမာရေးဆိုရင်လည်း ကျန်းမာရေးပေါ့ အသိပေးကြမှာပါ။ ဖြစ်လာမယ်ဆိုရင်လည်း သောက်သုံးရေ ပြဿနာတို့၊ ကျန်းမာရေး ပြဿနာတို့ ဒါတွေကတော့ ကြိုတင်ပြင်ဆင်မှုလုပ်ရမှာပေါ့။ ကျနော်တို့ မိုးလေဝသဌာနကတော့ ဒါပဲပြောနိုင်ပါတယ်" ဟု ဒေါက်တာထွန်းလွင်ကဆိုသည်။

၂၀၁၀ ခုနှစ်တွင် အယ်လ်နီညိုကြောင့် မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းတို့တွင် စံချိန်တင် ရေခန်းခြောက်မှု ဖြစ်ပေါ်ခဲ့သည်။ စစ်ကိုင်းတိုင်း မြင်းမူတွင် ၄၇ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်း မြင်းခြံတွင် ၄၆.၅၊ မုံရွာနှင့် မကွေးတွင် ၄၅ နှင့် ညောင်ဦးတွင် ၄၄.၈ အထိပင် ရှိခဲ့သည်။ အပူချိန်မြင့်တက်မှုကြောင့် ဖျားနာ၊ မူးဝေမှုများဖြစ်ပြီး မကွေးတိုင်း တောင် တွင်းကြီးမြို့ ဆေးရုံ၌ တက်ရောက်ကုသခဲ့သူ ၇ ဦးသေဆုံးခဲ့ပြီး၊ မန္တလေးတိုင်း ညောင်ဦးမြို့တွင် လူနာ ၁၄ ဦး ကုသမှု ခံယူနေကြောင်း ၂၀၁၀ မေလ ၁၄ ရက်ထုတ် အစိုးရသတင်းစာများတွင်ဖော်ပြ ခဲ့သည်။ အလယ်ပိုင်းဒေသ မြင်းမူ၊ မြင်းခြံ၊ မုံရွာ၊ မကွေး၊ မန္တလေး၊ မိတ္ထီလာ၊ ရန်ကုန် (ကမ္ဘာအေး)၊ ကော့သောင်း၊ မိုးကုတ်၊ သိမ်ဇရပ်၊ မင်းဘူး၊ နေပြည်တော် (ရေဆင်း)၊ ပြင်ဦးလွင်၊ နေပြည်တော် (ပျဉ်းမနား)၊ ရမည်းသင်း၊ ခရမ်းစသည့်မြို့များတွင် ၂၁ ကြိမ်တိတိ စံချိန်တင်အပူလွန်ကဲမှုများဖြစ်ခဲ့ကြောင်း ပြည်တွင်းထုတ် Weekly Eleven ဂျာနယ်တွင်လည်း ဖော်ပြခဲ့သည်။

## စုံစမ်းရေးကော်မရှင်ဖွဲ့ဖို့ အာဆီယံကို တောင်းဆို

**RFA | ဂျူလိုင် ၁၄ ။** ။ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် ကုလသမဂ္ဂ စုံစမ်းရေးကော်မရှင်ဖွဲ့စည်းရေးကို ဝိုင်းဝန်းထောက်ခံပါဝင်ကြဖို့ မြန်မာ့အရေးပူးပေါင်းလှုပ်ရှားသူများအဖွဲ့ Burma Partnership က အာဆီယံနိုင်ငံအစိုးရတွေကို တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ လာမည့်ရက်ပိုင်းအတွင်း ကျင်းပမည့် အာဆီယံဝန်ကြီးများအစည်းအဝေးနဲ့ ဒေသဆိုင်ရာအစည်းအဝေးတွေမှာ မြန်မာ့အရေးဆွေးနွေးနိုင်ဖို့အတွက် မြန်မာ့အရေး လှုပ်ရှားမှုအဖွဲ့က ဒီကနေ့ ဂျကာတာမြို့အခြေစိုက် အာဆီယံဒေသဆိုင်ရာ အစည်းအဝေး အဖွဲ့ဝင်တွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေကသံတမန်တွေနဲ့တွေ့ဆုံခဲ့တာပါ။

မြန်မာပြည်ရဲ့ လက်ရှိအခြေအနေတွေကို တင်ပြဆွေးနွေးခဲ့ကြောင်း၊ အာဆီယံနိုင်ငံအစိုးရတွေအနေနဲ့ မြန်မာပြည်အရေးကို စောင့်ကြည့်လေ့လာမနေသင့်တော့ကြောင်းနဲ့မြန်မာအစိုးရရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးကော်မရှင်ပေါ်ပေါက်ရေးကို ထောက်ခံအားပေးဖို့ တောင်းဆိုခဲ့ကြောင်း အဖွဲ့ညှိနှိုင်းဆောင်ရွက်ရေးမှူး မခင်ဥမ္မာက ပြောပါတယ်။

# သံတမန်ဘဝနဲ့ တိုင်းပြည်ဝန်ထမ်းရင်း အပြောင်းအလဲ မျှော်လင့်ခဲ့ပေမယ့် ဖြစ်မလာတဲ့အပြင် ပိုမိုဆိုးဝါးလာ

**BBC । ဂျူလိုင် ၁၅ ။ ။** ဒုတိယသံမှူးကြီးဦးကျော်ဝင်းက သူ့အနေနဲ့ သံတမန်ဘဝနဲ့ နှစ်ပေါင်းများစွာ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း နိုင်ငံရေးအပြောင်းအလဲကို မျှော်လင့်ခဲ့ပေမယ့် ဘာမှအပြောင်းအလဲဖြစ်မလာတဲ့အတွက် စိတ်ပျက်ပြီး အမေရိကန်ပြည်ထောင်စုမှာ နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားခဲ့တာလို့ ဘီဘီစီကိုပြောပြပါတယ်။

နိုင်ငံရေးအပြောင်းအလဲဆိုတာ ချက်ချင်းလက်ငင်းကြီးကောက်ကာငင်ကာ ပြောင်းလဲလို့မရနိုင်ဘူးဆိုတာ သူနားလည်ပေမယ့် အခုမြန်မာနိုင်ငံဟာ မှန်ကန်တဲ့အပြောင်းအလဲလမ်းကြောင်းပေါ်ကို တောင်ရောက်မလာသေးဘူးလို့သူကဆိုပါတယ်။လမ်းကြောင်းမှန်ပေါ်ရောက်ပြီးမှသာ အပြောင်းအလဲဖြစ်ပေါ်လာနိုင်မယ်လို့ သူယုံကြည်ကြောင်းလည်းပြောပါတယ်။

အခုအခြေအနေကို သူနားလည်ခံစားမိတာကတော့ မြန်မာနိုင်ငံအခြေအနေဟာ အပြောင်းအလဲဖြစ်မလာရုံသာမက ပိုဆိုးလာတယ်လို့ဆိုပါတယ်။တပ်ဘက်က အရာရှိတွေက ပိုပြီးအာဏာပြလာတယ်လို့လည်းပြောပါတယ်။ ဒီတော့ အရပ်သားအစိုးရပေါ်ပေါက်လာပေမယ့် စစ်အာဏာရှင်စနစ် ပိုပြီးအားကောင်းခိုင်မာလာတယ်လို့ သူကဆိုပါတယ်။ စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်တွေအကြားမှာ အာဏာပြိုင်နေကြတာမျိုးတွေ အချင်းချင်းမကျေနပ်မှုတွေ ဖြစ်ပေါ်နေတယ်လို့လည်း သတင်းတွေထွက်ပေါ်နေတော့ ဒီသတင်းတွေဘယ်လောက်မှန်ပါသ လဲလို့ မေးကြည့်ရာမှာတော့ ဦးကျော်ဝင်းက...

ဒီစစ်ခေါင်းဆောင်တွေဟာ တယောက်နဲ့တယောက်ကြိုးချည်ပြီး တောင်ပေါ်တက်ခိုင်းခံနေကြရသူတွေလို့ ပြောပါတယ်။ တကယ် လို့ တယောက်ကိုတွန်းချရင် ကျန်တဲ့သူတွေလည်း အတူတူလိမ့်ကျမှာဖြစ်တဲ့အတွက် သူတို့အချင်းချင်း မကျေနပ်မှုရှိကြတဲ့တိုင် အပြောင်းအလဲကိုတော့ ဘယ်သူမှဖော်ဆောင်ကြမှာမဟုတ်ဘူးလို့လည်း ဆိုပါတယ်။ ဝန်ထမ်းအချင်းချင်းကြားမှာ အရပ်သားနဲ့စစ်သား ခွဲခြားဆက်ဆံတာမျိုးကိုခံရတယ်လို့လည်း သူကပြောပါတယ်။ အာဏာပိုင်အရာရှိတွေဟာ စစ်သားဝန်ထမ်းကိုသာ ယုံကြည်မှုရှိပြီး အရပ်သားဝန်ထမ်းတွေကိုယုံကြည်မှုမရှိဘဲ သံသယထားနေတယ်လို့ ဆိုပါတယ်။

အလုပ်မှာ တတ်ကျွမ်းတဲ့ ကျွမ်းကျင်တဲ့သူ တိုင်းပြည်ကိုစေတနာထားတဲ့သူတွေ အလုပ်လုပ်ခွင့်မရဘဲ လုပ်ငန်းကိုနားမလည်တဲ့စစ်ဗိုလ်ဝန်းထမ်းတွေရဲ့ ဖိနှိပ်မှုကိုခံနေရတယ်လို့ဆိုပါတယ်။ နားလည်တတ်ကျွမ်းတဲ့အရပ်ဘက်ဝန်ထမ်းကဆွေးနွေးပြောဆိုတာကိုလည်းလက်မခံဘဲ စစ်သားအချင်းချင်းပြောမှဘဲ လက်ခံတယ်လို့ပြောပါတယ်။

အရပ်သားဝန်ထမ်းတွေ တာဝန်ထမ်းဆောင်နေကြတာကိုလည်း တိုင်းပြည်အတွက် အလုပ်လုပ်နေတယ်လို့ သဘောမထားဘဲစစ်တပ်ကိုကြောက်လို့ လုပ်နေတယ်ဆိုတဲ့ သဘောထားမျိုးထားရှိတာဟာ ဝန်ထမ်းတွေကို စော်ကားတာဘဲလို့ ဦးကျော်ဝင်းက ယူဆပါတယ်။ ဦးကျော်ဝင်းအနေနဲ့ အစိုးရအဖွဲ့ထဲမှာ ဝင်အလုပ်လုပ်ကိုင်ပြီး တိုင်းပြည်အတွက် အတွင်းစည်းကနေပြုပြင်ဖို့ ကြိုးစားခဲ့ရာမှာ မအောင်မြင်တဲ့အတွက် အခုအခါအပြင်ကနေပြုပြင်ပြောင်းလဲမှုလုပချင်တဲ့ဆန္ဒကြောင့် နိုင်ငံရေးခိုလှုံခွင့်ခံယူခဲ့တာဖြစ်တယ်လို့လည်း ဘီဘီစီကိုပြောပါတယ်။

သူ့အနေနဲ့ နိုင်ငံရေးလုပ်ဖို့မရည်ရွယ်ပေမယ့် တိုင်းပြည် ကောင်းရာကောင်းကြောင်းအတွက် တတ်စွမ်းသမျှ ဆောင်ရွက်ချင်တဲ့ဆန္ဒရှိတယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံမှာ အဖွဲ့အစည်းတွေ INSTITUTION အားလုံးဟာ ခြစား ပျက်ဆီးနေပြီဖြစ်တဲ့အတွက် အဖွဲ့အစည်းတွေ ပြုပြင်တည်ဆောက်တဲ့အလုပ်မျိုးကို သူတတ်နိုင်သလောက် လုပ်ချင်တယ်လို့ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ဦးကျော်ဝင်း နိုင်ငံရေးခိုလှုံခွင့်ယူပြီးနောက်မှာ သံရုံးရဲ့ပထမအတွင်းဝန် ဦးစိုးအောင်နဲ့ တခြားသံရုံးအရာရှိနှစ်ယောက်ကို နေပြည်တော်က စစ်မေးဖို့ခေါ်ယူခဲ့ရာမှာ ဦးစိုးအောင်လည်း နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားခဲ့ပါတယ်။

# Voice of Burma


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**